www.burmeseclassic.com

# မင်းသိင်္ခ



BURMESE CLASSIC .com

# မရမ်းတလင်းလက်ဆောင် ဂမ္ဘီရယတြာများ

စတုတ္ထတွဲ

www.burmeseclassic.com

www.burmeseclassic.com




ဖြန့်ချိရေး


ချယ်ရီပွင့်စာပေ • အမှတ် (၃၆၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်ထွန်းပေါ်လမ်းထိပ်)၊ ရန်ကုန်။ ဖုန်း - ၇၀၁၅၇၉၊ ၀၉ ၅၁၄၈၅၅

မရှမ်းတလင်းစာပေ • အမှတ် (၁၄)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။ ဖုန်း - ၅၄၃၂၆၇


www.burmeseclassic.com

www.burmeseclassic.com



# မရမ်းတလင်းလက်ဆောင် ဂမ္ဘီရယတြာများ

## ( စာယူတွဲ )

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခတ်တူနာမ်တူငွေကိုယူ | ၁ |
| ၂။ | အနှောင့်အယှက်အတိုက်အခိုက်နဲ့ ကံဆိုးမှုတွေ ကင်းဝေးအောင် | ၇ |
| ၃။ | မနော၁မယငွေလှိုင် | ၉ |
| ၄။ | စမ, မာလာ | ၁၁ |
| ၅။ | ဘဝအခြေခိုင်မြဲဖို့ (ဖွံ့) | ၁၅ |
| ၆။ | ဆရာမင်းသိခ်၏ ဝါဆိုလအစိဋ္ဌာန် | ၁၉ |
| ၇။ | မိမိဘက်ကသာ မှန်ပါစေ | ၂၃ |
| ၈။ | မိန်းကလေးပေးသွားသည့် နှစ်ထပ် လက်ဆောင်ကလေး | ၂၇ |
| ၉။ | ရန်နှင့် အတိုက်အခံများပျောက်လွင့် စေသော အဆောင်လေးတစ်ခု | ၃၃ |
| ၁၀။ | ထူးဆန်းသော ရွှေသော့ကလေး | ၃၅ |




www.burmeseclassic.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | အန္တရာယ်ကင်း ဆောင်ရန် စ,မ | ၃၉ |
| ၁၂။ | လာဘ်ခေါ် တစ်ချက်ငွေဇီးကွက် | ၄၁ |
| ၁၃။ | လေးကြိုးမင်းခေါင် | ၄၃ |
| ၁၄။ | မင်းသား၊ မင်းသမီး အနုပညာသမားအတွက်အဆောင် | ၄၇ |
| ၁၅။ | လျှိုကြည့်စမ်းပါ | ၄၉ |
| ၁၆။ | နဝင်းယတြာပြုလုပ်ရမည့် အစီအစဉ်များ | ၅၁ |
| ၁၇။ | ကိုးနဝင်းမိုးလင်းမှသိမယ် | ၇၁ |
| ၁၈။ | မနောမယမြေအိမ်ရောင်းနည်း | ၈၁ |




# ခတ်တူနာမ်တူ ငွေကိုယူ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကျွန်ုပ်၏ ညီတစ်ယောက် ရောက်ရှိလာလေ၏။ သူသည် ကျွန်ုပ်၏ ညီအရင်းဖြစ်သည်။

ဦးဝင်းဇော် [B.Sc (Forestry)] ကလောင်အမည်ဖြင့် ဆောင်းပါးရေးနေသူဖြစ်၏။

ကျွန်ုပ်သည် ၎င်းကို တွေ့လျှင်တွေ့ချင်း . . .

"ဟေ့ မင်းလည်း မလာတာ ကြာပါရောလား"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ညီ ဝင်းဇော်က . . .

"ဟုတ်တယ် အစ်ကို၊ ကျွန်တော်လည်း မအားဘူး၊ မနက် ကနေ ဗေဒင်ဟောလိုက်ရတာ ညနေ (၅)နာရီ (၆)နာရီထိုးတဲ့ အထိပဲ။

ကျွန်တော့်မှာက တဖြည်းဖြည်း ပရိသတ်က များလာပြီ။ အဲဒီ ပရိသတ်ရဲ့ လိုအပ်ချက်တွေကို ကျွန်တော်ကဖြည့်ဆည်း ပေးရတာ။ အများစု လို အပ် ချက် ကတော့ လာဘ် လာဘ ကိစ္စပါပဲ။ လာဘ်ရှင်ချင်တယ်ပေါ့အစ်ကိုရယ်။

ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့လူတွေအတွက် အဲဒီအစီအရင် တွေက အခက်အခဲရှိတယ်။ အဲဒီတော့ လူမျိုးမရွေး ဘာသာမရွေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်လို့ရတဲ့ အဆောင် မရှိဘူးလား"

"ဒီကိစ္စက 'ယုံချင်နေ၊ မယုံချင်နေ'ဆိုသလို ပြောရမယ့် ကိစ္စကွ။ ဆရာကြီး အဘမင်းခေါင်နဲ့ အတူတူနေဖူးတဲ့ လူတိုင်း သိထားတဲ့ နည်းတစ်ခုရှိတယ်။ အဲဒီနည်းကို သူတို့ က ဓာတ်တူ နာမ်တူ ဆေးဖက်ယူလို့ ပြောလေ့ရှိကြတယ်။

ဥပမာကွာ . . . ငါဟာ ဆရာဦးပြည်သိမ်းဆိုတဲ့ ဆရာ တစ်ဦးနဲ့အတူနေခဲ့ဖူးတယ်။ သူဟာ ဆရာကြီး အဘမင်းခေါင် နဲ့ ရင်းရင်းနှီးနှီး နေခဲ့ဖူးတဲ့သူပဲ။ တစ်နေ့မှာ ဦးပြည်သိမ်းနဲ့ ငါနဲ့ ထိုင်နေတုန်း ဦးပြည်သိမ်းကို မိန်းမတစ်ယောက်က နက်စ် ကော်ဖီမှုန့်ပုလင်း လာပြီးလှူတယ်။ သူဟာ ငါ့ကို အဲဒီ ပုလင်းထဲက တံဆိပ်ပတ်ကလေးကို မပြဲအောင် ခွာခိုင်း တယ်။ ငါလည်း ခွာပေးလိုက်တယ်။ ပြီးတော့ သူက အဲဒီ တံဆိပ်ပတ်ကလေးကို ကော်နဲ့သုတ်ပြီး အဝင်ဝတံခါးမှာ ကပ် လိုက်တဲ့။ ငါလည်း သူပြောတဲ့အတိုင်း အဲဒီ တံဆိပ်ပတ် ကလေးကို အဝင်ဝတံခါးမှာ ကပ်လိုက်တယ်။ သုံးလေးငါး ရက်လောက်နေတော့ နက်စ်ကော်ဖီ ပုလင်းလှူမယ့်လူ ပေါ် လာပြန်ရောဟေ့။ အဲဒီအခါမှာ ဆရာဦးပြည်သိမ်း အပြောကို မစောင့်တော့ဘူးဟေ့။ ပုလင်းက တံဆိပ်ကလေးကို ခွာပြီး တံခါးမှာ ကပ်လိုက်ပြန်ရော။ နောက်တစ်နေ့မှာ နက်စ် ကော်ဖီ ပုလင်း လှူမယ့်သူ ပေါ်လာပြန်ရော။ အဲဒီတော့ ဆရာ ဦးပြည်သိမ်းက အဲဒါ





ဓာတ်ရိုက်တဲ့ နည်းတစ်မျိုးပဲကွ။ မင်းအနေနဲ့ မယုံရင် ဟောဒီမှာ ရွှေဥဒေါင်းမင်းတံဆိပ် ဆေးပြင်းလိပ်တစ်ထုပ် လာပြီးလှူဒါန်းပြန်ပြီကွ။ အဲဒီ တံဆိပ် ကလေးကို တံခါးမှာ ကပ်လိုက်။ ဆေးပြင်းလိပ်ထုပ်တွေ ရောက်လာလိမ့်မယ်"

လို့ ပြောတယ်ကွ။

"အဲဒါနဲ့ ငါလည်း ရွှေဥဒေါင်းမင်း ဆေးပြင်းလိပ်ထုပ်က တံဆိပ်လေးကို တံခါးမှာ ကော်နဲ့သုတ်ပြီး ကပ်လိုက်တယ်။ ဆရာဦးပြည်သိမ်းပြောတာ မှန်တယ်ဟေ့။ ရွှေဥဒေါင်းမင်း ဆေးပြင်းလိပ်ထုပ်တွေ ရောက်လာပြန်ရောဟေ့။ အဲဒီတော့ ငါက ဆရာ ဦးပြည်သိမ်းကိုမေးတယ်။ ဆရာ ဦးပြည်သိမ်းရေ . . . ဆေးပြင်းလိပ်တံဆိပ်တွေ၊ ကော်ဖီမှုန့် တံဆိပ်တွေ မကပ်ဘဲ တံခါးမှာ ပိုက်ဆံတွေ ကပ်ထားလိုက်ရင် ဘယ်လို နေမလဲ"

လို့မေးလိုက်တယ်။ အဲဒီတော့ ဆရာဦးပြည်သိမ်းက. . .

"ပိုက်ဆံတွေ ကပ်လိုက်ရင် သူများတွေ ခွာယူသွားမှာပေါ့ လို့ ဆရာဦးပြည်သိမ်းကြီးက ပြန်ပြီးဖြေတယ်ကွ"

ဟု ကျွန်ုပ်က ပြောပြလိုက်ရာ ဝင်းဇော်က . . .

"သူ ပြောတာလည်း ဟုတ်တာပဲ။ အဲဒီတော့ ဘယ်လို လုပ်မလဲ အစ်ကိုရဲ့"

ဟု မေးလေ၏။

"ငါလည်း အဲဒါကြောင့် ဆရာဦးပြည်သိမ်းကြီးကို မေး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ထားရမယ်တဲ့ကွ။ ဥပမာကွာ အခုဆိုရင် ငါးရာတန် ရှိတယ်။ အဲဒီတော့ ငါးရာတန် နှစ်ရွက်ကိုပေါ့ကွာ။ မျက်နှာ စာ နှစ်ခုလုံး မြင်ရလောက်အောင် ဟိုဘက် ဒီဘက် ကပ်ပေါ့ ကွာ။ နှစ်ရာတန် ရှိတယ်ကွ၊ အဲဒါလည်း နှစ်ရွက်ပေါ့ကွာ။ တစ်ရာတန် ရှိတယ်ကွ၊ အဲဒါလည်း နှစ်ရွက်ပေါ့ကွာ။ ပြီးတော့ အဲဒီ ကတ်ပြားကို မှန်ဘောင်သွင်းလိုက်ပေါ့ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

ထိုအခါ ကျွန်ုပ်၏ညီ ဝင်းဖော်က . . .

"အဲဒါ လုပ်နည်းအပြည့်အစုံပဲလား"

ဟု မေးလေ၏။

"အပြည့်အစုံလို့တော့ မဆိုနိုင်သေးဘူးကွ။ လုပ်တာဟာ အချိန်လိုတယ်။ ကြာသပတေးနေ့ မနက် (၆)နာရီကနေ (၇) နာရီခွဲအတွင်း ပြီးရမယ်။ အဲဒီအချိန်ဟာ အင်္ဂဝိဇ္ဇာသဘော အရ တနင်္လာဂြိုဟ် ငွေနံဟာ တိုင်ထိပ် နဝင်းစီးတဲ့အချိန်ပဲကွ။ ပြီးတော့ ချိတ်ဆွဲတဲ့လူရဲ့ နေ့နံနဲ့အချိန်လည်း လိုသေးတယ်ကွ။ တနင်္ဂနွေ သားသမီးဆိုရင် တနင်္ဂနွေနေ့ နံနက် (၉)နာရီ (၄၅) မိနစ်။ တနင်္လာသားသမီးဆိုရင် တနင်္လာနေ့ နံနက် (၉)နာရီ (၄၅)မိနစ်။ အင်္ဂါသားသမီးဆိုရင် အင်္ဂါနေ့ နံနက် (၉)နာရီ (၄၅)မိနစ်။ ဗုဒ္ဓဟူးသားသမီးဆိုရင် ဗုဒ္ဓဟူးနေ့ နံနက် (၉)နာရီ (၄၅)မိနစ်။





ကြာသပတေးသားသမီးဆိုရင် ကြာသပတေးနေ့ နံနက်(၉)နာရီ (၄၅)မိနစ်။ သောကြာသားသမီးဆိုရင် သောကြာ နေ့နံနက် (၉)နာရီ (၄၅)မိနစ်။ စနေ သားသမီးဆိုရင် စနေနေ့ နံနက် (၉)နာရီ (၄၅)မိနစ် အချိန်မှာ ချိတ်ဆွဲရတယ်ကွ။ အဲဒီအချိန် ချိတ်မှ ပိုပြီးခတ်မိတယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်လေ၏။ ထိုအခါ ဝင်းဖော်က . . .

"အဝင်အဝ တံခါးမှ ချိတ်ရမှာလား အစ်ကို"

ဟု မေးလေ၏။

"မလိုပါဘူးကွာ၊ အိပ်ခန်းထဲက နံရံမှာ ချိတ်ရင် ရပါတယ်။ ခေါင်းရင်းဘက်မှာ ဆိုရင်တော့ ပိုပြီးကောင်းတာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဝင်းဖော်က . . .

"(ခတ်တူနံတူ ငွေကိုယူ) လို့ အစီအရင်ကို နာမည် ပေးလိုက်ရမယ် အစ်ကိုရဲ့"

ဟု ပြောသွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



# အနှောင့်အယှက် အတိုက်အခိုက်နဲ့ ကံဆိုးမှုတွေ ကင်းဝေးအောင်

တစ်နေ့မှာ တာချီလိတ်ကနေ ရောက်လာတဲ့ ကိုဘငွေး ဆိုတဲ့ လူတစ်ယောက်က သူ့ရဲ့ အခက်အခဲတွေကို လာပြော ပါတယ်။ အဲဒီ အခက်အခဲတွေက သူလုပ်သမျှ မအောင်မြင် ဘူးတဲ့။ သူဟိုမှာ ဗီဒီယိုပြတဲ့ လုပ်ငန်းလေး လုပ်ထားတယ်တဲ့။ အဲဒါလည်း မပြရဘူးတဲ့။ အနှောင့်အယှက်တွေ မကြာခဏ တွေ့နေရတယ်တဲ့။ လူရတဲ့နေ့ဆိုရင် သူ့ ဗီဒီယိုပြစက်က မကောင်းဘူးတဲ့။ ဗီဒီယိုစက်က ကောင်းရင်လည်း လူမဝင်ဘူး တဲ့။ အနှောင့်အယှက် အတိုက်အခံတွေ ရှိတယ်တဲ့။ အဲဒါ တွေကို ဆရာဆီက ယတြာလေး လုပ်ပေးပါတဲ့။ ဒါမှ မဟုတ် ရင် အဆောင်ကလေး လုပ်ပေးပါတဲ့။ အဲဒီလို ပြောတယ်။

အဲဒါမျိုးတွေ မကြာခဏ ကြုံရတယ်။ အဲဒါနဲ့ ကျွန်ုပ်ဟာ မှတ်စုစာအုပ်ကို လှန်လိုက်တယ်။ စုဆောင်းထားတဲ့ မှတ်စုစာအုပ်ကို လှန်လိုက်တော့ အဲဒီမှတ်စုစာအုပ်မှာ အဆောင် တစ်ခုကို သွားတွေ့တယ်။ ဒါ ဟိုးတုန်းက ကျွန်ုပ်ဗေဒင်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်က မကြာခဏ သုံးခဲ့ပါတယ်။ ဟောဒီ အရုပ်ကလေး တစ်ရုပ်ပါပဲ။ အဲဒီမှာ ဓားကိုင်မြှောက်ထားတယ်။

အဲဒီအဆောင်ဟာ ဥရောပတိုက်မှာ သိပ်သုံးတယ်။ အဲဒါ သူ့မူရင်းအခေါ်ကတော့ (X calibre the magic sword) လို့ ခေါ်ပါတယ်။

အဲ . . ဆောင်တဲ့ လူတွေကလည်း ထူးပါတယ်တဲ့။ အဲဒီ အဆောင်ကလေးရပြီးတော့ အနေအထိုင် အယူအဆတွေ တော်တော်ကင်းသွားတယ်တဲ့။ အဲဒါကြောင့် အဲဒီ အဆောင်လေး ကို ကူးပြီးတော့ ကျွန်ုပ်ရဲ့မိတ်ဆွေ ကိုဘငွေးနဲ့ တစ်ဖက်က ရုံးဝန်ထမ်းလည်းလုပ်၊ အဲ တစ်ဖက်ကလည်း မိဘရဲ့ ဆန်စက်လုပ်ငန်းကို ကိုင်တွယ်ပေးနေရတဲ့ ကိုအောင်ကျော်ဆိုတဲ့သူကို ကျွန်ုပ်ပေးလိုက်ပါတယ်။ တော်တော်ပဲ ထူးခြားတယ်လို့ သူတို့ ဆီက သိရပါတယ်။







## မနော်မယ မငွေလှိုင်

"ဆီမီးခွက် မငွေလှိုင်ဆိုတဲ့ မင်းသမီးတစ်လက် ရှိခဲ့ဖူး တာတော့ ကြားဖူးပါတယ်။ ပြီးတော့ ဆီမီးခွက် အက ကောင်း တဲ့ ကျွန်တော့် သူငယ်ချင်း မငွေလှိုင်လည်း ရှိပါတယ်။ အခု တော့ ဘယ်ရောက်နေမှန်းတောင် မသိပါဘူး။ သူတို့ကို ကျွန်တော်က ဘယ်လိုလုပ်ပြီး အားကိုးရမှာတုန်း"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ ထိုလူကြီးက . . .

"လူကိုပြောတာ မဟုတ်ဘူးကွ၊ ဓာတ်ကိုပြောတာ၊ ဆီမီး ခွက်ဆိုတာက ထွန်းတောက်တဲ့ဓာတ်၊ မ,ဆိုတာက မ,စတဲ့ ဓာတ်၊ ငွေလှိုင်ဆိုတာက ငွေပေါတဲ့ဓာတ်။ ဆီမီးခွက်ချည်း သက်သက် 'အနှော'ရတယ်ကွ။ အနှောဆိုတာ မင်းနားလည် မှာမဟုတ်ဘူး။ '၁၀'ရတာကို ပြောတာ။ ဒီမှာကြည့်ကွာ"

ဟု ဆိုကာ ၎င်း၏ လွယ်အိတ်မှ ဗလာစာအုပ် တစ်အုပ် ကိုထုတ်၍ သူ၏ဖောင်တိန်နှင့်ပင် အောက်ပါပုံကို ရေးပြ လေ၏။

ကျွန်ုပ်လည်း ပုံကို သေချာစွာကြည့်၏။ ဆီမီးခွက်တစ်ခု မီးတောက်နေပုံဖြစ်၏။ ထိုဆီမီးခွက်ပေါ်တွင်'မငွေလှိုင်' ဆိုသော စာသားရေးထား၏။ ထိုပုံလေးကို ကျွန်ုပ်အား ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှိရင် အိမ်မှာချိတ်၊ အိမ်မရှိရင် အိတ်ထဲထည့်။ မီးခွက် မီးတော်ာက်ချိန်နီးပြီ။ မီးတောက်ရင် မငွေလှိုင် က,လိမ့်မယ်။ မငွေလှိုင် က,ရင် မင်းအိမ်မှာ ပွဲဖြစ်ပြီး ပွဲရှိရင် ပွဲကြည့်မယ့်သူ လာလိမ့်မယ်။ လူစည်ကားလိမ့်မယ်"


စိတ်ဝင်စားသူများ၊ ယုံကြည်သူများအတွက် ဖော်ပြလိုက်ပါသည်။ စိတ်ဝင်စားသူများ ဖိုတိုစတက်ဖြင့် ကူးယူပါ။ စာအုပ် ကို စုတ်ပြဲမပစ်စေရန် မေတ္တာရပ်ခံပါသည်။







စမ,မာလာ



"စမ,မာလာ လို့ နာမည်ပေးထားတဲ့ စမပုံကြီးပါ။ အဲဒီထဲမှာ ငှ-အမြီးကိုက်လည်းပါသေးတယ်။ အငှလက်ဖြိုဟ်ခွင်ပါတယ်ကွာ။ နငယ် နကင်းညွန့် အဝင်အထွက်ပါတယ်ကွာ။ ကြီးလေးကြီး စမ,ပါတယ်ကွာ။ ငှ-အံကိုက် ပါတယ်ကွာ။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ဗေဒင်ဂဏန်းပါတယ်ကွာ။ ပြီးတော့ မြင်းသွား သွားထားတယ်ကွာ။ စမကို ပန်းပွင့်ကြီးလို လုပ်ထားတဲ့ စမ,မာလာလို့ ခေါ်တယ်ကွ။ ရှေ့က ငါတို့ဆရာကြီးတွေ အလွန်သုံးတာပေါ့ကွာ"

"ဒါကြီးကို ကပ်ကျေးနဲ့ ညှပ်ပေါ့ကွာ။ အပေါ်က စမ,မာလာဆိုတဲ့ စာကြီး မပါစေနဲ့။ ကပ်ကျေးနဲ့ ညှပ်ပြီး လင်ပန်းမှာ ကပ်လိုက်၊ လင်ပန်းမှာ ကပ်ပြီးတော့ အလယ်မှာ အဝိုင်းလေးတွေလား .. အဲဒီပေါ်မှာ ဖယောင်းတိုင်ထွန်း။ ဖယောင်းတိုင် မထွန်းခင်မှာ ကိုယ်ရောင်းချင်တဲ့ အိမ်လိပ်စာ ကို အပြည့်အစုံရေးရမယ်ကွာ။ ကိုယ်ထွန်းချင်တဲ့ ဖယောင်း တိုင်တော့ ထွန်းလို့ မရဘူး။ ဘေးမှာ စာရွက်အပိုပြဦးမယ်။

လို့ ပြောပြီး ဖယောင်းတိုင်မှာ ပတ်ရမယ့် စာရွက်ကို ယူပြီး ပြလိုက်တယ်။

"အဲဒီ စာရွက်ကလေးကို ဖယောင်းတိုင်အကြီး ခြောက်တိုင် ထုပ်လို့ ခေါ်တဲ့ ဖယောင်းတိုင်ပေါ်မှာ ပတ်ရမယ်။ အဲဒီမှာ ဂါထာပါတယ်။ ဂါထာက ရှေးတုန်းက လောကီပညာရှင်တွေ ရေးလေ့ရှိတဲ့ ဗျည်းကြေးစမနဲ့ ရေးထားတယ်။ ဘေးက ကွက်လပ် အသေးလေးမှာ ရောင်းချင်တဲ့ လိပ်စာကို ရေးရမယ်"

လို့ ပြောလိုက်ရင် မောင်မောင်မြင့်အေးက . . .

"ခုနက စမပုံကြီးကို အလယ်မှာ မီးထွန်းရမယ်ပေါ့"

အဲဒီတော့ ကျွန်ုပ်က . . .






"အေး . . . ဒါမျိုးလေးတွေ ၁၅ ခု ဖိုတိုစတက်နဲ့ကူး။ ၁၅ ရွက်ကို ကပ်ကြေးနဲ့ညှပ်၊ ဖယောင်းတိုင်မှာပတ်၊ ပတ်ပြီး ရင် ဖယောင်းတိုင်ကို ၁၅ ရက်ထွန်းရတယ်။ ထွန်းရမယ့် အချိန် ကလည်း ည။ ဒါကို လင်ပန်းမှာ ကပ်ထားတဲ့ စမ,ပုံအလယ် မှာ ထွန်းရမယ်။ ဒါ ထွန်းပြီးရင် အခြားအလုပ် ဘာမှ မလုပ် ရဘူး။ ဆုတောင်းတာနဲ့ အိပ်တာ နှစ်မျိုးပဲ မှတ်ထားရမယ်။ ၁၅ ရက် ထွန်းတာနဲ့တင် သိသာပါပြီ။ ဒီမှာ ငါနေ့စဉ် လုပ်ပေး နေတာ (၁၅)ရက် ပြည့်တဲ့အထိ မထွက်ပါဘူးလို့ လာပြောတဲ့ လူ တစ်ယောက်မှ မရှိဘူး။ ရောင်းရပါတယ်။ (၇)ရက်နဲ့ ထွက် တဲ့လူ။ (၈)ရက်နဲ့ ထွက်ရတဲ့ လူချည်းပဲ။ အဲဒီတော့ နယ်က ခြံမြေရောင်းချင်တဲ့ လူတွေအတွက်ကို မင်းရဲ့ မဂ္ဂဇင်းကနေ သေသေချာချာလေး ဖော်ပြလိုက်ပါကွာ"

မင်းသိခ်



www.burmeseclassic.com



ဖယောင်းတိုင်တွင် ပတ်ရမည့်ပုံ





## ဘဝအခြေခိုင်မြဲဖို့ (ဖုံ)

ဘဝအခြေခိုင်မြဲဖို့အတွက်က ယောဂီပညာမှာ "တြိစတု၊ ထိုင်ဖုံပြု'လို့ ဆိုထားတယ်။ တနင်္ဂနွေသားနဲ့ တြိက အင်္ဂါကွာ၊ တနင်္ဂနွေသားရဲ့ စတုက ဗုဒ္ဓဟူးကွာ။ အင်္ဂါနဲ့ ဗုဒ္ဓဟူး နှစ်နံ ပေါင်းလိုက်တော့ စောင်းလျားပေါ့ကွာ။ အဲဒီတော့ ထိုင်ဖို့ ဖုံကလေးတစ်ခု ချုပ်ရမယ်။ တတ်နိုင်ရင်တော့ ပိုးဖဲကတ္တီပါ နဲ့ ချုပ်ပေါ့ကွာ။ မတတ်နိုင်ရင်တော့ ဖျင်ကြမ်းနဲ့ပဲ ချုပ်ပေါ့။ ကုန်ကုန်ပြောမယ်ကွာ ဂုံနီအိတ်နဲ့ ချုပ်ရင်တောင်ရတယ်။ အဲဒီ ဖုံထဲကို ဂွမ်းတို့၊ လဲမှို့တို့ မထည့်နဲ့ကွ။ စောင်းလျားရွက် တွေ အပြည့်သိပ်ပြီး ထည့်ပေတော့။ ပြီးတော့ အဲဒီအပေါ်မှာ မင်းထိုင်ရမယ်။ ဘုရားရှိခိုးတဲ့အခါ၊ ပုတီးစိပ်တဲ့အခါ မင်း ထိုင်ရမယ်။ စားပွဲတွေ၊ ကုလားထိုင်တွေ ဘာတွေနဲ့ အလုပ် လုပ်ရတဲ့လူဆိုရင်လည်း ကုလားထိုင်ပေါ်မှာ အဲဒီ ဖုံကလေး တင်ပြီး ထိုင်ပေါ့ကွာ။ ပြီးတော့ ကြွေပန်းကန်ပြားတစ်ချပ် ပေါ်မှာ ဆေးအနက်နဲ့ 'ငါးထောင့်ကြယ်' ရေးရမယ်။ ကြွေ ပန်းကန်ပြားကတော့ ဘယ်လို ပန်းကန်ပြားမျိုးပဲဖြစ်ဖြစ် ရပါ တယ်။ ဒါပေမဲ့ အကောင်းဆုံးကို ပြောပြပါ ဆိုရင်တော့ 'ပဲခူးက ဝယ်ခဲ့တဲ့ ပန်းကန်' ဆိုရင်တော့ ပိုပြီးကောင်းတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ကျွန်ုပ်က . . . "ပုဂံမြို့က ဝယ်ခဲ့တဲ့ ပန်းကန်ဆိုရင် ပိုပြီးမကောင်းဘူးလား" ဟု အတွန့်တက်လိုက်ရာ ထိုလူကြီးက . . .

"မရှည်စမ်းပါနဲ့ကွာ ပဲခူးက ပန်းကန်ပဲ လုပ်စမ်းပါ"ဟု အော်လိုက်လေ၏။

"ကောင်းပါပြီ၊ ကောင်းပါပြီဗျာ။ ပဲခူးက ပန်းကန်ပေါ်မှာ ဆေးအနက်နဲ့ ငါးထောင့်ကြယ် ရေးရမယ်။ ဆက်ပြီး ပြောပါဦး ဦးလေးရဲ့"ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ထိုလူကြီးက

"အဲဒီ ငါးထောင့်ကြယ်ရဲ့ အလယ်ခေါင်မှာ ဖန်ခွက် တစ်ခွက် ထားရမယ်။ အဲဒီ ဖန်ခွက်ထဲမှာ ရေထည့်ပြီး တနင်္ဂနွေသားဆိုရင် တနင်္ဂနွေရဲ့ ပဋ္ဌာပွတ်ဖြစ်တဲ့ ပန်း၊ ပဋ္ဌာပွတ်ဆိုတာ တခြားဟာ ပြောတာ မဟုတ်ပါဘူး။ ငါးခုမြောက်ပန်းကို ပြောတာ။ ဥပမာ တနင်္ဂနွေသားဆိုရင် သူ့ရဲ့ ငါးခုမြောက်ဟာ ကြာသပတေးဆိုတော့ မေမြို့ပန်းပေါ့ကွာ။ မေမြို့ပန်း ၅ ပွင့် ထည့်ရမယ်။ ကြယ်ရဲ့ ထောင့်ကလေးတွေမှာတော့ ဖယောင်း တိုင် တစ်တိုင်စီ ထွန်းရမယ်။ ပြီးတော့ ဘုရားကိုတင်ပြီး 'အလုပ် အမြန်ဆုံးရပါစေ၊ အလုပ်ခိုင်မြဲပါစေ၊ အလုပ်မှာ အကျိုးရှိပါစေ' ဆိုပြီး ဆုတောင်းရမယ်"ဟု ပြောလေ၏။

"အဲဒီလိုလုပ်လိုက်ရင် အလုပ်မြန်မြန်ရရောလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ထိုလူကြီးက . . .

"အလုပ်မြန်မြန်ရတာ မဟုတ်ဘူးကွ။ ပွင့်လန်းသွားတာ။ ပျုတ်သွားတဲ့အလုပ် ပြန်ပြီး ရချင်လည်းရမယ်။ ဒါမှမဟုတ်





ဒီ့ထက်ကောင်းတဲ့ အလုပ် ရချင်လည်း ရမယ်။ အလုပ်မှာ အကျိုးဖြစ်ထွန်းချင်လည်း ဖြစ်ထွန်းသွားလိမ့်မယ်။ ဘယ်လို ပဲဖြစ်ဖြစ် ပွင့်လန်းသွားလိမ့်မယ်။ လုပ်ရမယ့်ရက်က (၄၉)ရက် လုပ်ရမှာကွ"ဟု ပြောလေ၏။

"ပုတီးစိပ်ပါဆိုတာ ဘာကို စိပ်ရမှာတုံး"ဟု မေး လိုက်ပြန်၏။

"ဒီလို မောင်အောင်ထွန်းရဲ့။ ပုတီးစိပ်တာလည်း သိပ်ပြီးခက်တာ မဟုတ်ပါဘူး။ လင်္ကာလေး မှတ်ထားရုံပဲ။ အဲဒီ လင်္ကာလေးက"

"မ-သိ-ကြ-လျှင်-တွေး-ဆ-ဦး"ဆိုတဲ့ လင်္ကာလေးပါပဲ။

"တနင်္ဂနွေသား စိပ်ရင် အရဟံသိဒ္ဓိ-ဦး၊ တနင်္လာသား စိပ်ရင် အရဟံသိဒ္ဓိ-ကြ၊ အင်္ဂါသား စိပ်ရင် အရဟံသိဒ္ဓိ-ဆ၊ ဗုဒ္ဓဟူးသား စိပ်ရင် အရဟံသိဒ္ဓိ-လျှင်၊ ကြာသပတေးသား စိပ်ရင် အရဟံသိဒ္ဓိ-မ၊ သောကြာသားစိပ်ရင် အရဟံသိဒ္ဓိ- သိ၊ စနေသား စိပ်ရင် အရဟံသိဒ္ဓိ-တွေး ရယ်လို့ဖြစ်တယ်ကွ။ စိပ်ရမယ့် အပတ်က နေ့စဉ် ၉ ပတ်စိပ်သွားရမယ်။ ငါပြော တာ မယုံနဲ့ဦး။ လက်တွေ့စမ်းကြည့်ပါဦး"ဟု ထိုလူကြီးက ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က . . .

"တနင်္ဂနွေသား အတွက်ဟာ စောင်းလျားရွက်တွေကို ဖုံထဲ ထည့်ချုပ်တာ ဟုတ်ပါပြီ။ ကျန်တဲ့ နေ့သမားတွေ အတွက်က ဘယ်လိုလုပ်ရမှာလဲ"ဟု မေးလိုက်ရာ . . .

"တနင်္ဂနွေသားအတွက် ဖုံထဲမှာ စောင်းလျားရွက်ထည့်၊ တနင်္လာသားအတွက် ဖုံထဲမှာ လက်ပံရွက်ထည့်၊ အင်္ဂါသားအတွက်




www.burmeseclassic.com

www.burmeseclassic.com



သပြေရွက်ထည့်၊ ဗုဒ္ဓဟူးသားအတွက် သနပ်ရွက် ထည့်၊ ကြာသပတေးသားအတွက် အုန်းရွက်ထည့်၊ သောကြာ သားအတွက် အင်ကြင်းရွက်ထည့်၊ စနေသားအတွက် ကြက်ဆူရွက် ထည့်ပြီးတော့ ဖန်ခွက်ထဲမှာ ထည့်ရမယ့် ပန်း ကလည်း တနင်္ဂနွေသား အတွက် မေမြို့ပန်း (၅)ပွင့်၊ တနင်္လာ သားအတွက် သပြေညွန့် (၆)ညွန့်၊ အင်္ဂါသားအတွက် ဒန်း ညွန့် (၇)ညွန့်၊ ဗုဒ္ဓဟူးသားအတွက် အုန်းညွန့် (၁)ညွန့်၊ ကြာသပတေးသားအတွက် ကံ့ကော် (၂)ညွန့်၊ သောကြာသား အတွက် ဆီးညွန့် (၃)ညွန့်၊ စနေသားအတွက် ရွက်လှ (၄)ညွန့် ထည့်ရမယ်ကွ။ ကဲ . . ဟောဟိုမှာ ရထားလည်း လာနေပြီ သွားကြစို့” ဟု ဆိုလိုက်လေ၏။







မင်းသိခ်



## ဆရာမင်းသိခ်၏ ဝါဆိုလ အစီအရင်

### ဓာတ်ရှင်လေးပါးပူဇော်၍ ကြီးပွားချမ်းသာစေသောနည်း




ပူဇော်ရမည့်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



**ခတ်ရှင်လေးပါး ပူဇော်နည်း**

**(က) စတင်ပူဇော်ရမည့်နေ့**

ဝါဆိုလပြည့်နေ့

**(ခ) နောက်ဆုံးပူဇော်ရမည့်အချိန်**

သီတင်းကျွတ်လပြည့်နေ့

**(ဂ) ပူဇော်ရမည့် အချိန်နာရီ**

နံနက် (၅)နာရီ

(အတိအကျပြုလုပ်လိုပါမူ အောက်ပါနာရီအတိုင်း ပြုလုပ်ပါ) ဝါဆိုလအတွင်း နံနက် ၅း၃၀ နာရီ၊ ဝါခေါင်လ နံနက် ၅း၄၀ နာရီ၊ တော်သလင်းလ နံနက် ၅း၅၀ နာရီ၊ သီတင်းကျွတ် နံနက် ၆း၀၀ နာရီ။

**(ဃ) ပူဇော်ရမည့်ပစ္စည်း**

နို့ထမင်း (၄)ပွဲ၊ သောက်တော်ရေ (၄)ပွဲ၊ ဖယောင်းတိုင် (၄)တိုင်၊ ယပ် (၄)ခု၊ နို့ထမင်းမှာ နွားနို့ (သို့မဟုတ်) နို့ဆီ ဖြင့်ကျိုပါ။ ယပ်များမှာ --

| | | |
|---|---|---|
| ရှင်က္ကောသာရ | အရှေ့အရပ်အတွက် | အဖြူရောင် |
| ရှင်မေခရ | အနောက်အရပ်အတွက် | အဝါရောင် |
| ရှင်ဥပဂုတ္တ | တောင်အရပ်အတွက် | အစိမ်းရောင် |
| ရှင်သာရဒတ္တ | မြောက်အရပ်အတွက် | အပြာရောင် |

**(င) ညပိုင်းတွင် ပင့်ဖိတ်ရန်**

ညအိပ်ရာဝင်ခါနီးတွင် အောက်ပါအတိုင်း ရွတ်ဆို လျှောက်ထား၍ ရဟန္တာအရှင်မြတ်ကြီးများအား ပင့်ပါ။





အရှေ့သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်သက္ကောသာရ ရဟန္တာအရှင်မြတ်ကြီး ဘုရား . . .

အနောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော အရှင်မေခရ ရဟန္တာအရှင်မြတ်ကြီးဘုရား . . .

တောင်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီးဘုရား . . .

မြောက်သမုဒ္ဒရာတွင် သီတင်းသုံးနေတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ရှင်သာရဒတ္တရဟန္တာအရှင်မြတ်ကြီးဘုရား . . .

မနက်ဖြန် နံနက် အရုဏ်တက်တွင် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း မြန်မာတိုင်း ဌာနတိုင်း . . . မြို့၊ . . . ရပ်ကွက်ရှိသော တပည့်တော် တပည့်တော်မ၏ ၊နေအိမ်ဂေဟာတွင် အရှင်မြတ်ဘုရားတို့အား ခတ်လေးပါး ဆွမ်းကပ်လှူမည်ဖြစ်သောကြောင့် နဖူးမြေစိုက်၊ ဦးခိုက်၍ ဖိတ်ကြားအပ်ပါသည် အရှင်မြတ်ဘုရားတို့ . . .

တပည့်တော်အား အစဉ်သနားသည်ကို အကြောင်း ပြု၍ ကြွရောက်ဘုဉ်းပေးတော်မူကြပါ အရှင်မြတ်ဘုရားတို့. . .

အထက်ပါအတိုင်း ပင့်လျှောက်သောအခါ၌ ဆွမ်းကပ်သော



www.burmeseclassic.com

www.burmeseclassic.com



စားပွဲအလယ်တည့်တည့်၌ ဖယောင်းတိုင်တစ်တိုင် ထွန်း၍ လျှောက်ထားပင့်ဖိတ်ရမည်။







## မိမိဘက်ကသာ မှန်ပါစေ

"အတိုက်အခံကိစ္စတွေ၊ အမှုကိစ္စတွေအတွက် ဆရာကြီး သုံးတဲ့ ကိုယ်ပိုင်နည်းကော မရှိဘူးလား"

ဟု မေးလေ၏။

"ဒီလိုရှိတယ်ကွဲ့၊ ဟောဒီ ဂါထာလေးနဲ့ အနက်ကလေး ကို အရကျက်မှတ်ထား။ မရေးခင်မှာတော့ စက္ကူတစ်ရွက် မှာ ကူးပြီး ဘုရားစင်မှာ ကပ်ထား။ ဒါပေမဲ့ အနက်ကတော့ ဆင်ခြင်ရုံပါပဲကွယ်။ ပါဠိကိုပဲ အသုံးပြုမှာပါ"

ဒေဝပုတ္တော ကိလေသော စ၊
အဘိသင်္ခါရ မာရကော။
ခန္ဓော မစ္စုတိ ပဉ္စေတေ၊
မာရေ ဝိဇိတဝံ နမေ။ ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အထက်ပါ ဂါထာကို စာရွက်တစ်ရွက်မှာ ရေးပြလိုက်လေ၏။ ထို့နောက် ၎င်းဂါထာ၏ အနက်ကို လည်း အောက်ပါအတိုင်း စာရွက်အလွတ်တစ်ရွက်တွင် ရေးပြရလေ၏။

ဒေဝပုတ္တော - ဒေဝပုတ္တမာရ်လည်းကောင်း၊

ကိလေသော - ကိလေသမာရ်လည်းကောင်း၊

အဘိသင်္ခါရမာရကော- အဘိသင်္ခါရမာရ်လည်းကောင်း၊

ခန္ဓော - ခန္ဓမာရ်လည်းကောင်း၊

မစ္စုတိ - မစ္စုမာရ်လည်းကောင်း၊

ဣတိ - ဤသို့။ ဧတေ - ပဉ္စမာရေ၊ ထိုမာရ်ငါးပါးတို့ကို၊

ဝိဇိတဝံ - အောင်တော်မူပြီးသော မြတ်စွာဘုရားကို၊

အဟံ - အကျွန်ုပ်သည်၊ နမေ - နမာမိ၊ ရှိခိုးပါ၏။

**"အတိုက်အခံ ရှိရင် အဲဒီဂါ**ထာကို ၄၉ရက် သက်စေ့ ရွတ်ရမယ်"


**"အမှုရှိရင်ရော"**

**"အမှုရှိရင်တော့ YANTRIC** ယန္တြကို သုံးရမယ်။ အဲဒါက ဟောဒီမှာကြည့်"

ဟု ဆိုကာ ကျွန်ုပ်သည် **အနန္တာလဟီးရီး** ဆိုသူ ပုဂ္ဂိုလ်**ကျော်၏ ယန္တြကျမ်း**တွင် ဖော်ပြ**ထားသည့် တစ်ဖက်**ပါယန္တြ ကို **ရေးပြလေ၏။**







အထက်ပါအတိုင်း ရေးပြပြီးနောက် ...

"အဲဒါကို ပန်းကန်ပြားပေါ်မှာ မာကင်ပင်နဲ့ဖြစ်စေ၊ ဆေးပင်နဲ့ဖြစ်စေ၊ သဘော်ဆေးနဲ့ဖြစ်စေ ကူးရေးပြီး အဲဒီအပေါ်ကမှ သစ်သီးကိုးမျိုး၊ ဒါမှမဟုတ် ထန်းလျက်ခဲ သက်စေ့တင်ပြီး **လက်ကျွဲ့ဘီဒေဝီ**ကို အမှုချိန်းရှိတဲ့ ရက်တွေမှာ ပူဇော်ပသရတယ်"

ဟု ကျွန်ုပ်က ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com





## မိန်းကလေးပေးသွားသည့်နှစ်ထပ်လက်ဆောင်ကလေး

တစ်ညသ၌ ကျွန်ုပ်သည် ယတြာအကြောင်းအရာများကို စဉ်းစားရင်း အိပ်ပျော်သွားလေတော့၏။ ကျွန်ုပ်သည် ကျောက်တောင်စွန်းကလေးပေါ်တွင် ပက်လက်လှန်၍ အိပ်နေလေ၏။ လေမှာတဟူးဟူး တိုက်နေသဖြင့် ကျွန်ုပ်၏ ဆံပင်များ၊ အဝတ်အစားများ တဖျပ်ဖျပ် လှုပ်ယမ်းနေ၏။ ထိုအချိန် ၌ တစ်စုံတစ်ယောက်သည် ကျွန်ုပ်အနီးသို့ လာ၍ မတ်တပ်ရပ်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုတစ်စုံတစ်ယောက် အားကြည့်လိုက်ရာ အဖြူရောင်ဝတ်စုံ ရှည်ရှည်ကြီးဝတ်ထား သည့် အသက် (၃၀)အရွယ် အနောက်တိုင်းသူ တစ်ဦးကို တွေ့မြင်ရ၏။ ကျွန်ုပ်သည် သူ့အား စူးစူးရဲရဲကြည့်လိုက်၏။

"ရှင် ဘာကြည့်နေတာလဲ၊ ရှင့်ဆီကို ကျွန်မ တစ်ခေါက်ရောက်ဖူးတယ်လေ၊ လက်မောင်းသွေးနဲ့ရေးရတဲ့ အဆောင်ကလေးတစ်ခုအကြောင်း လာပြီးပြောပြဖူးတယ်လေ၊ ရှင်မေ့သွားပြီလား"

ဟု အဓိပ္ပာယ်ရသော စကားကို ထိုမိန်းမက အင်္ဂလိ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာဖြင့် ပြောလေ၏။

"သိပြီ .. သိပြီ ..၊ မင်းဟာ ပို့က်ဝုစ်(ချ်)လို့ခေါ်တဲ့ အဖြူရောင် စုန်းမ "ဆာရာ"မဟုတ်လား"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လျှင် ထိုမိန်းမက အသံလွင်လွင်ကလေးဖြင့် ရယ်လေ၏။ ထိုသို့ ရယ်လိုက်ပြီးလျှင်

"မှန်ပါတယ်ရှင်၊ 'ဆာရာလင်ဒန်မောရစ်' ပါ၊ ကျွန်မကို စုန်းမလို့ မခေါ်ပါနဲ့၊ ကျွန်မက ကောင်းတာတွေပဲ လုပ်တာ၊ ပို့က်စစ္စတာဟု(ဒ်)လို့ ခေါ်ရင် တော်လောက်ပါပြီ"

ဟု ထိုမိန်းမက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ကောင်းပြီ .. ကောင်းပြီ၊ အဖြူရောင် ညီမတော်လို့ ခေါ်ရမှာပေါ့"

ဟု ပြန်၍ ပြောလိုက်လျှင် ဆာရာက ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက် ...

"ရှင့်ကို ကျွန်မက နည်းကောင်းကလေးတစ်ခု ပေးမလို့၊ အဲဒါက ဘာလဲဆိုတော့ ကိုယ်က မကောင်းမှုကိုလည်း မကျူးလွန်ဘူး၊ ဒါပေမယ့်လို့ ကံဆိုးမိုးမှောင်ကျပြီး အမှုအခင်း တစ်ခုခုထဲမှာ သက်သေအနေနဲ့ဖြစ်စေ၊ တရားခံအနေနဲ့ ဖြစ်စေ ကျရောက်သွားတဲ့ အဖြစ်အပျက်တွေဟာ လူ့လော ကမှာ အပုံကြီးရှိတယ်၊ အဲဒီလိုအခါမျိုးမှာအပြစ်ဒဏ်က သက်သာခွင့် ရစေဖို့ လောကီပညာရှင်တွေဟာ အမျိုးမျိုး အဖုံဖုံသော





နည်းလမ်းတွေနဲ့ 'တယ်လီစမင့်' ခေါ်တဲ့ လက်ဖွဲ့တွေ၊ 'ချမ်း'ခေါ်တဲ့ အဆောင်တွေကို ကြံစည်စိတ်ကူးပြီး ဆောင်ရွက်ပေးလေ့ရှိကြပါတယ်။ ဒါပေမယ့် ဟောဒီ ကျွန်မ ရေးပြတဲ့ နှစ်ထပ်စက်ဝိုင်းလေးကတော့ အဲဒီကိစ္စမျိုးမှာ တော်တော်ကို အစွမ်းပြကူညီပါလိမ့်မယ်"

ဟု ဆိုလျှင် ကျွန်ုပ်က ...

"ဒီနှစ်ထပ်စက်ဝိုင်းကလေး ဆောင်ထားရုံနဲ့ပဲ သက်သာ ခွင့် ရရောတဲ့လား ဆာရာရယ်"

ဟု မယုံကြည်သော လေသံဖြင့် ပြန်၍ မေးမိလေ၏။

"ဒီနှစ်ထပ် စက်ဝိုင်းလေးဟာ အနက်အဓိပ္ပာယ်တွေ အများကြီးပဲရှင့်၊ လောကီပညာမှာ အရေးကြီးတဲ့ စည်းနှစ် စည်းကိုဖော်ပြတာလေ၊ အဲဒီ စည်းနှစ်စည်းဟာ 'အိတ်ဇော ဒရစ်'လို့ ခေါ်တဲ့ အပြင်စည်းနဲ့ 'အဆောဒရစ်'လို့ ခေါ်တဲ့ အတွင်းစည်းဆိုတာတွေကိုတော့ ရှင်လည်း ဆရာတစ်ယောက် လုပ်ပြီး သိသင့်ပါတယ်၊ နက်ရှိုင်းတဲ့ ဂမ္ဘီရပညာတွေမှာ အတွင်းစည်း၊ အပြင်စည်းဆိုတဲ့ စကားတွေဟာ မကြာခဏ ကြားနေရတဲ့ စကားတွေပဲမဟုတ်လား၊ ဒါဟာ ပညာရဲ့ အတိမ်အနက်ကိုလည်း ဖော်ပြပါတယ်၊ ဒီစည်းနှစ်စည်းဟာ အင်မတန် တန်ဖိုးကြီးပါတယ်၊ ဒါပေမဲ့ ဒီနှစ်ထပ်စက်ဝိုင်းလေး ချည်းတော့လည်း မဟုတ်ပါဘူး၊ အဲဒီ စက်ဝိုင်းလေးအတွင်းမှာ




www.burmeseclassic.com

www.burmeseclassic.com



စာလေး တစ်ကြောင်း နှစ်ကြောင်းပါသေးတယ်၊ အဲဒီက ဟာရဲ့ အဓိပ္ပာယ်ကိုတော့ ကျွန်မ ဘာမှ မပြောလိုပါဘူး၊ ကျွန်မက အင်္ဂလိပ်လို ရေးပေမယ့် ရှင်က မြန်မာလို ရေးရင်လည်းဖြစ်နိုင်ပါတယ်၊ အဲဒီတော့ အဲဒီစက်ဝိုင်းလေးကို အသေအချာမှတ်ထားပြီး မိမိကိုယ်တိုင်လည်း အပြစ်မကျူးလွန်ဘဲ လျက်မတော်တဆ အမှုအခင်းကြုံတွေ့နေရတဲ့ လူတွေကို အဲဒီစက်ဝိုင်းလေး အိတ်ထဲမှာ ဆောင်ထားဖို့ ရှင့်အနေနဲ့ လုပ်ပေးပါလား၊ ဟောဒီမှာကြည့်"

ဟု ဆိုကာ အောက်ပါ စက်ဝိုင်းပုံသဏ္ဍာန်လေးကို ရေးပြလိုက်လေ၏။








ထိုအခါ ကျွန်ုပ်က ထိုနှစ်ထပ်စက်ဝိုင်းကလေးကို ကြည့်၍

"နေစမ်းပါဦး ဆရာရယ်၊ ဒါလေး ဆောင်ထားရုံနဲ့ ပြီးရောတဲ့လား"

ဟု ကျွန်ုပ်က အထွန့်တက်လိုက်ရာ ထိုအဖြူရောင်မိန်းမငယ်က . . .

"ရှင့်အနေနဲ့ မယုံဘူးဆိုရင်တော့ နောက်တစ်ခါလာပြီး မပြောရုံပေါ့ရှင်"

ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"ဒီလိုပြောတာ မဟုတ်ပါဘူး၊ ကျုပ်က ဒါလေး ဟောဒီ လိုဆောင်ထားရုံနဲ့ လုံလောက်ပါတယ်၊ အစွမ်းသတ္တိ ရှိပါတယ် ဆိုတဲ့စကားကို ဆရာ့ပါးစပ်က ပြောစေချင်လို့ပါ"

ဟု နှစ်သိမ့်စေသော စကားကို ပြောလိုက်ရာ ထိုမိန်းမ က . . .

"စိတ်ဓာတ်အားနည်းတဲ့လူဟာ အဲဒီလိုပဲ၊ ကိုယ့်ဟာ ကိုယ်ယုံကြည်ဖို့ မကြိုးစားဘူး၊ သူတစ်ပါးက ယုံကြည်တယ် ဖြေတဲ့အထိစောင့်နေတတ်ကြတယ်။ အဲဒီတော့ ဆရာက ဘာမှ မပြောလိုဘူး၊ ရှင့်အနေနဲ့ သုံးကြည့်ပါလို့ပဲ ပြောချင် ပါတယ်"

ဟု ဆိုကာ တစ်ဖက်သို့ လှည့်၍ထွက်သွားသဖြင့် ကျွန်ုပ်ကလည်း ကမန်းကတန်း ၎င်း၏လက်ကို ဖမ်းဆွဲလိုက်ရာ သူ၏



www.burmeseclassic.com

www.burmeseclassic.com




လက်ဖျားကလေးကို ကိုင်မိသဖြင့် အေးစိမ့်သွားသော ကြောင့် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားလေတော့၏။ ထို့ ကြောင့် အိပ်မက်ထဲတွင် ဆရာလင်ဒန်မောရစ် ဆိုသည့် အဖြူရောင် ညီမငယ် ရေးပြသွားသော စက်ဝိုင်းလေးကို မေ့ သွားမည် စိုးသဖြင့် ကျွန်ုပ်၏ မှတ်တမ်း၌ ကပျာကယာ ရေး မှတ်လိုက်ရလေတော့၏။

မင်းသိခ်





## ရန်နှင့်အတိုက်အခံများ ပျောက်လွင့်စေသော အဆောင်လေးတစ်ခု



"ငါ ဗေဒင်လက္ခဏာ ဟောစားတုန်းကသုံးတဲ့ နည်းကလေးတော့ ရှိတယ်ကွ။ အဲဒါက အိန္ဒိယက "အာနန္ဒာ လဟီးရီး" (ANANDA LAHARI)ဆိုတဲ့ ဆရာကြီးတစ်ဦး ရေးတဲ့ ယန္တြာစာအုပ် စာမျက်နှာနံပါတ် ၃၇ မှာ ဖော်ပြထား တဲ့ ယန္တြလေးအကြောင်းပဲကွာ။ ဘာပုံကလေးမှန်းမသိပါဘူး ကွာ။ ကောက်ကောက်ကွေ့ကွေ့ကလေး ပါပဲ။ အဲဒီ ယန္တြလေးကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် တင်လိုက်တယ်ကွာ။ အဲဒီပေါ်မှာ ပန်းကန်ပြားလေး တစ်ချပ်တင်လိုက်တယ်ကွာ။ ပြီးတော့ အဲဒီအပေါ်က မီးထွန်းလိုက်တယ်ကွာ။ အဲဒီအခါမှာ ထူးထူး ခြားခြား ရန်တွေပျောက်သွားတယ်။ အတိုက်အခံတွေလည်း ပျောက်သွားတယ်ကွ။ အဲဒါနဲ့ ငါလည်း ငါ့မိတ်ဆွေတွေကို ပေးတယ်။ အဲဒီတုန်းကတော့ ဖိုတိုစတက်မပေါ်သေးဘူးကွ။ ခါတ်ပုံရိုက်ရိုက်ပြီး ပေးရတယ်။ ခါတ်ပုံဖိုးတော့ မနည်းဘူး ကုန်ခဲ့ဖူးတာပေါ့ကွာ။ ဒါပေမဲ့ ငါ့မိတ်ဆွေတွေက အားကြီး သဘောကျတယ်။ ငါကတော့ ပိုက်ဆံတွေ ကုန်လှပေါ့ကွာ။ ပြီးတော့ ငါဟာ ဗေဒင် လက္ခဏာဟောတဲ့အခါမှာလည်း ရန်များတဲ့လူ၊ အတိုက်အခံများတဲ့လူကို အဲဒီ ယန္တြလေးသုံးဖို့ ပေးခဲ့ဖူးတယ်။ အခုလည်းပဲ ငါ့ဆီကို လာတဲ့လူတွေကို ဖိုတို စတက်ကူးပြီး အဲဒါလေးတွေကို ပေးနေတာပဲ။ အိတ်ထဲမှာ ဆောင်ထားရင်လည်း ကောင်းတယ်။ ငါက အဲဒီ ယန္တြလေး ကို အလွတ်ဆွဲတတ်နေပြီ"

ဟု ဆိုကာ ကျွန်ုပ်သည် ထမင်းစားပြီးသောအခါ၌ စားပွဲပေါ်တွင် မြေဖြူခဲဖြင့် အထက်ပါယန္တြပုံကို ဆွဲပြလိုက်လေတော့၏။

(မင်းသိခ်)





# ထူးဆန်းသော ရွှေသော့ကလေး

မောင်မောင်မြင့်အေးသည် ကျွန်ုပ်အား လောကီပညာရပ် နှင့် ပတ်သက်သော ပညာများ တစ်ခုပြီးတစ်ခု မေးနေလေ၏။ ကျွန်ုပ်သည် သိမှတ်သမျှ ဖြေဆိုနေလေ၏။

မောင်မောင်မြင့်အေးက . . .

"ဒီလို ဆရာရဲ့၊ ကျွန်တော့်ကလေးတွေ စာမေးပွဲဖြေခါနီး မှာ စာမေးပွဲကို စိုးရိမ်နေတတ်ကြတယ်၊ အဲဒါကြောင့် ဆရာ့ဆီ ရောက်တဲ့အခါ အဆောင်တောင်းခဲ့ပါလို့ ပူဆာနေတယ်၊ အဲဒါလေး ကူညီပါဦး ဆရာ"

"ငါတို့ မြန်မာပညာရပ်တွေမှာတော့ စာမေးပွဲအောင်တဲ့ အဆောင်ရယ်လို့ သီးခြားမရှိပါဘူး။ အစစအရာရာ ကံကောင်း အောင် လုပ်ပေးတဲ့ အဆောင်တွေ ရှိပါတယ်။ အစစအရာရာ ကံကောင်းတဲ့အထဲမှာ စာမေးပွဲလည်း ပါသွားတာပေါ့ကွာ။ ဒါပေမဲ့ အနောက်တိုင်း လောကီပညာရှင်တွေကတော့ (ဂိုးလ်ဒင်းကီး)လို့ ခေါ်တယ်။ တချို့ကလည်း (မာကျူရီရယ်လ် ကီး)လို့ ခေါ်တဲ့ စာမေးပွဲအတွက် အဆောင်တံဆိပ်တွေ ရှိတယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ငါတို့ အသုံးပြုနေတဲ့ သော့တံဟာ ကွင်းကလေး ကို အပေါ်ထားပြီး အတံကလေးကို အောက်စိုက်ကြည့်လိုက် ရင် နက္ခတ်ဗေဒင်မှာအသုံးပြုတဲ့ ဗုဒ္ဓဟူးဂြိုဟ်ရဲ့ အမှတ်တံဆိပ် နဲ့တူတယ်။ ဒါကြောင့် သော့တံပုံကလေးနဲ့ လုပ်ထားတဲ့ ပညာရေး အဆောင်ကို တချို့က (မာကျူရီရယ်လ်ကီး) ဗုဒ္ဓဟူး ဂြိုဟ်သော့လို့ ခေါ်တယ်။ အဲဒီ အဆောင်တံဆိပ်ကလေးကို ငါ အသုံးပြုခဲ့တာ ကြာပြီကွ။

(၁၉၆၂)ခုနှစ်ထုတ်၊ အမှတ် (၅)၊ တွဲ (၂၈) ပရိဒစ်ရှင်း ခေါ်တဲ့ မဂ္ဂဇင်း စာမျက်နှာ (၉၆)မှာပါတဲ့ ဆောင်းပါးရှင် 'မယ်ဒယ်လိုင်းမွန်တာဗင်' ရေးတဲ့ 'အဆောင်လက်ဖွဲ့ ဘယ်လို ရွေးချယ်မလဲ' ဆိုတဲ့ ဆောင်းပါးမှာပါတဲ့ အထောက်အထားပဲ **အလွယ်တကူရှိတယ်။**

သော့တံ တံဆိပ်အဆောင်ကလေးဟာ ပီယဘက်မှာလည်း မစွမ်းဘူး။ နေဘက်မှာလည်း မစွမ်းဘူး။ အာရောဂျဘက် မှာလည်း မစွမ်းဘူး။ စိတ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေမှာ စွမ်းတယ်။ အထူးသဖြင့် ဗုဒ္ဓဟူးဂြိုဟ်နဲ့ ပတ်သက်တဲ့ စာပေ ရေးသားခြင်း၊ ပြောဆိုခြင်းတွေမှာသာ အစွမ်းပြလိမ့်မယ်ဆိုတဲ့ အနက်အဓိပ္ပာယ်မျိုးရတယ်။


ငါ ဗေဒင်ဆရာ လုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ စာမေးပွဲနားနီးရင် အဲဒီအဆောင်ကလေးတွေ လာ,လာ





တောင်းကြတယ်။ ဟိုတုန်းကအခုလို ဖိုတိုစတက် မပေါ်သေး ဘူးကွ။ 'အဲဒါကြောင့် အဲဒီပုံကလေးကို ဓာတ်ပုံရိုက်ပြီး ပေးရ တယ်ဟေ့။ အဲဒီပုံလေး ရသွားတဲ့ ကလေးတွေကတော့ အကျိုးထူးတယ်လို့ လာပြီးပြောကြတာပဲ။ အောင်စာရင်း ထွက်တဲ့အခါမှာ ငါ့အိမ်မှာ သကြားတွေ၊ နို့ဆီတွေ၊ မုန့်ပုံး တွေ ပြည့်နေကြတာပဲ"

ဟု ပြောဆိုကာ အားရပါးရ ရယ်လိုက်လေတော့ သတည်း။





www.burmeseclassic.com

www.burmeseclassic.com






မရမ်းတလင်းစာ ၆ပေ



## အန္တရာယ်ကင်းဆောင်ရန် စ,မ

"သူ့အဆိုကတော့ အန္တရာယ်ကင်းတယ်လို့ ဆိုတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ အတွေ့အကြုံအရတော့ လာဘ်ပါရွှင်တာ တွေ့ရတယ်။ အဲဒါ တခြားမဟုတ်ဘူး၊ ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့တဲ့ 'စ,မ' တံဆိပ်ပဲ၊ ဟောဒီမှာ ကြည့် ကျုပ်ရေးပြမယ်"ဟု ဆိုရာ ဆရာတော်ကြီး ချီးမြှင့်တော်မူခဲ့သော အောက်ပါတံဆိပ်ပုံကို ဆွဲပြလိုက်လေတော့၏။



မရမ်းတလင်းစာ ၆ပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**ထိုမိန်းမကြီးသည်** ထိုတံဆိပ်ကို ကြည့်ပြီးနောက် . . .

"ဒါက ဘယ်လိုဖတ်ရမှာလဲ" ဟု မေးလေ၏။

"ပ. ထ. ရ. မ"လို့ ဖတ်ရမယ်။ အနက်ကတော့ . . .

"ရှေးဦးစွာ သစ္စာလေးပါးကို သိတော်မူသော မြတ်စွာ ဘုရား" လို့ဖြစ်တယ်။ ဒီဥစ္စာက သက္ကရာဇ် (၁၂၇၀)ပြည့်နှစ် မှာ မော်လမြိုင်မြို့ ကျိုက်သလွံ တောင်ထိပ်၊ အောင်လံတိုင် ဝါဆိုကျောင်းမှာ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးက အမျိုးလေးပါးကို အန္တရာယ်ကင်းစေဖို့ ချီးမြှင့်တော်မူခဲ့တဲ့ တံဆိပ် စ,မပဲ၊ ကျုပ် ဗေဒင်ဆရာလုပ်တုန်းက အန္တရာယ်ရှိတဲ့လူတွေ ကိုသာ မဟုတ်ဘူး။ **လာဘ်တိတ်**နေတဲ့ လူတွေကိုပါ ဆောင် ခိုင်းတယ်၊ အလွန်ပဲ **သိသာထင်ရှား**တယ်ဗျ၊ ဒီ စ,မ တံဆိပ် ဟာ အသုံးအလွန်ကျယ်တယ်။ လာဘ်တိတ်နေတဲ့ လူတွေ ကိုပါ ဆောင်ခိုင်းတယ်၊ အလွန်ပဲ သိသာထင်ရှားတယ်ဗျ၊ ဒီ စ,မ တံဆိပ်ဟာ အသုံး အလွန်ကျယ်တယ်။ ရှေးက လောကီ ဘက်မှာ ထက်မြက်တဲ့ ဆရာတွေဟာ ရေလဲအမျိုးမျိုးနဲ့ အသုံးပြုကြတယ်"





# လာဘ်ခေါ်တစ်ချက် ငွေဖီးကွက်

တစ်နေ့သ၌ ကျွန်ုပ်အား လက်ဖက်ရည်ဆိုင်ဖွင့်သော မိတ်ဆွေတစ်ဦးက ၎င်း၏ဆိုင်တွင် ချိတ်ဆွဲရန်အတွက် အဆောင်တစ်ခု လာ၍တောင်း၏။

ထိုအခါ ကျွန်ုပ်က . . .

"ခင်ဗျားနှယ်ဗျာ၊ ဖီးကွက်ရုပ်ကလေးတစ်ရုပ်လောက် ဘုရားဈေးတန်း သွားဝယ်ပြီး ချိတ်ထားရင် တော်ပါပြီ"

ဟု ကျွန်ုပ်က ပြောရာ ၎င်းက . . .

"အင်း . . . ခင်ဗျားပြောမှ ကျုပ်က မေးရဦးမယ်၊ ခင်ဗျားလိုပဲ ခင်နေတဲ့ ဆရာတစ်ယောက်က အဲဒီလိုပဲ ဖီးကွက် ချိတ်ခိုင်းတယ်။ ကျုပ်က ဖီးကွက်ကို လူတွေဟာ လာဘ်ရှင်တဲ့ ငှက်သတ္တဝါလို့ ဘာလို့ ယူဆတာလဲလို့ ကျုပ်က မေးတယ်။ အဲဒီတော့ သူက ဒီလိုဗျ။ လက္ခမီဒေဝီဟာ လာဘ်လာဘနဲ့ ပတ်သက်တဲ့ နတ်သမီးပဲ။ သူဟာ လူတွေဆီကို ဖီးကွက်စီးပြီး ရောက်လာလေ့ရှိတယ်လို့ ပြောကြတယ်တဲ့။ ဒါကြောင့် လာဘ်ရှင်တဲ့ နတ်သမီးစီးတဲ့ ငှက်ဟာ လာဘ်ငှက်လို့ ယူဆပြီး ဖီးကွက်ကို လာဘ်လာဘအတွက် ချိတ်ဆွဲတာတဲ့။ အဲဒီလို ပြောတယ်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်က . . .

"ဒီလိုရှိတယ် မိတ်ဆွေကြီးရဲ့၊ ဇီးကွက်ဆိုတဲ့ သဘောမှာ က လေဓာတ်နဲ့ မြေဓာတ်ပဲ ပါသေးတယ်။ ရေဓာတ်နဲ့ မီး ဓာတ် လိုသေးတယ်။ အဲဒီတော့ ဇီးကွက် မျက်လုံးနှစ်လုံးမှာ တစ်လုံးကို မီးဓာတ် 'မ'ထည့်၊ တစ်လုံးကို ရေဓာတ် 'ဝ'လုံး ထည့်ဗျာ၊ နှုတ်သီးမှာ ကြီးလေးကြီးစေတီထည့်၊ အတောင် နှစ်ဖက်မှာ ကကြီး၊ ယကြီး၊ ဏကြီး၊ ဌကြီး ဆိုတဲ့ မူလကြီး တံဆိပ်ကိုတပ်ဗျာ။ ထားပါတော့လေ။ ဒါတွေပြောလို့ ခင်ဗျား သိမှာလည်း မဟုတ်ဘူး။ လုပ်လည်း လုပ်တတ်မှာ မဟုတ် ဘူး။ ခင်ဗျားဆိုင်မှာ ရှယ်တစ်ခွက်လည်း သောက်ရင်း ခင်ဗျား ရဲ့ ဇီးကွက်မှာ ဆေးဖ်ပင်နဲ့ ကျုပ် ရေးပေးပါ့မယ်ဗျာ"

ဟု ဆိုကာ ကျွန်ုပ်သည် ၎င်း၏ လက်ဖက်ရည်ဆိုင်သို့ လိုက်၍ ဇီးကွက်ပေါ်တွင် ကျွန်ုပ်ရေးလိုသောစာများ လိုက်လံ ရေးပေးခဲ့လေ၏။

အမှန်စင်စစ် ဤအရာသည် ဈေးဆိုင်များ လာဘ်ခေါ် သည့် နည်းအမျိုးမျိုးအနက် နည်းတစ်မျိုးပင်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်က ထိုသူတို့အား

"လာဘ်ခေါ်တစ်ချက် ငွေဇီးကွက်ပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ထိုသူတို့သည် ကျွန်ုပ်အား ပြုံးပြသွား ကြ၏။ ၎င်းတို့၏ အပြုံးများသည် ပီတိများဖြစ်ကြ၏။ ကျွန်ုပ် သည် ထိုပီတိများကို ကောင်းစွာ စားသုံးနေသည်တကား။

မင်းသိခ်



BURMESE CLASSIC .com



# လေးကြီးမင်းခေါင်



"ငါတို့ရဲ့ မဟာမြိုင်ဓာတ်ခန်းကို ဒီမှာ လုပ်ရမယ်ကွ၊ အဲဒီ တော့ အပေါ်ထပ် ဘုရားခန်းထဲမှာရှိတဲ့ လေးကြီးမင်းခေါင် ပုံတော်ကြီးကို အောက်ကို ခဏချစမ်းပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်ပြည်သိမ်းခိုင်က. . .

"ဘာလဲ အဘ၊ အဲဒီ လေးကြီးမင်းခေါင်ဆိုတာ"

ဟု မေးလေ၏။

"ဒီလို ပြည်သိမ်းခိုင်ရဲ့ ကကြီး၊ ယကြီး၊ ဏကြီး၊ ဋကြီး စတဲ့ သင်ပုန်းကြီးထဲကြီးပါတဲ့ စာလုံးလေးလုံးကိုက ကြီးလေး ကြီးလို့ ခေါ်တယ် မဟုတ်လားကွာ"

"အဲဒီမှာ အဘာတိုးမင်းခေါင်ရဲ့ ပုံတော်ကို အဲဒီ ကြီးလေး ကြီး စာလုံးတွေနဲ့ ပုံဖော်ပြီး ရေးထားတာကွ၊ အရှည်ခေါ်မယ် ဆိုရင်တော့ ကြီးလေးကြီး မင်းခေါင်ပေါ့ကွာ"

"ဒါပေမဲ့ ဆရာ့ဆရာတွေက ဒီပုံကို လေးကြီးမင်းခေါင် လို့ပဲခေါ်ခဲ့ကြတယ်။ ဒါကြောင့် ငါကလည်း လေးကြီးမင်းခေါင် လို့ပဲ ဆက်ပြီးခေါ်တာပါ။ ကဲ. . .ကဲ. . . သွားယူချေ"

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ တပည့်ကလေး ပြည်သိမ်းခိုင် က. . .

"နေပါဦး အဘရဲ့၊ ဒီလေးကြီးမင်းခေါင် ပုံတော်က ဘယ်လို အကျိုးထူးတာလဲ"

ဟု မေးလေ၏။

"အကျိုးထူးတွေကတော့ အများကြီးပဲကွ၊ ဒါပေမဲ့ ငါ သိသလောက် ပြောရရင် အမှု၊ အချုပ်၊ ထောင်၊ ဂတ် ရောက် ဖို့ မြင်တဲ့အခါမှာ အဲဒီလေးကြီးမင်းခေါင်ပုံရှေ့မှာ လက်ဖက် အသားချည်းပဲ လှူရတယ်ကွ၊ ဒါပေမဲ့ အဲဒီ လက်ဖက်ကို





ခြောက်တဲ့အထိ ထားရတယ်။ ပြန်ပြီး မရုပ်ရဘူး"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

"ပြီးတော့ ကိုယ်လုပ်တဲ့ လုပ်ငန်းတစ်ခုဟာ သေချာသလို မသေချာသလို ဖြစ်နေရင် အဝတ်ချုပ်တဲ့ အပ်တစ်ချောင်း ရှာရတယ်။ အဲဒီအပေါ်မှာ မတ်စေ့တစ်စေ့ တင်ရတယ်။ ပြီး တော့မှ အဲဒီအပေါ်မှာ ဖယောင်းတိုင် တစ်တိုင် ထွန်းရမယ်။ အဲဒါ အပ်ကျမတ်ကျ သေချာသွားအောင် လုပ်တဲ့သဘော ပေါ့"

"ပြီးတော့ ကိုယ်လုပ်တဲ့ အလုပ်တစ်ခုဟာ မှားသွားရင် ဒုက္ခမရောက်အောင် လုပ်ဖို့လိုတယ် မဟုတ်လား။ အဲဒီအခါမျိုး မှာ ချင်းတက်တစ်တက်ကို ချပြီး ဖယောင်းတိုင် ထွန်းရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ပြည်သိမ်းခိုင်က . . .

"ချင်းတက်ကို ဘာဖြစ်လို့ အသုံးပြုတာလဲ အဘ"

ဟု မေးလေ၏။

"ဒီလို ပြည်သိမ်းခိုင်ရဲ့၊ လူတစ်ယောက်ဟာ သေစေနိုင် တဲ့ စိန်ကို မှားစားမိရင် ချင်းရည်ညှစ်ပြီး တိုက်ရတယ်ကွ၊ သူ့စာကတော့ စိန်တစ်တင်း၊ ချင်းတစ်တက်လို့ ခေါ်တယ်။ စိန်တစ်တင်းစားမှာ မှားပစေ။ ချင်းတစ်တက်နဲ့ ဖြေလို့ရတယ်။ အမှားဖြေတဲ့ ဓာတ်ပေါ့ကွာ"

ဟု ပြောလိုက်လေတော့သတည်း။




www.burmeseclassic.com

www.burmeseclassic.com



## မင်းသမီး၊ မင်းသား အနုပညာသမားများ အတွက် အဆောင်



“ငါ့မှာ ယန္တြတစ်ခုရှိတယ်ကွ၊ ဖြစ်နိုင်ရင် ရွှေပြားအစစ်ပေါ်မှာရေးရမယ်။ ဒါမှမဟုတ် ငွေပြားမှာ ရေးရမယ်။ အဲဒါမှမဟုတ်ဘူးဆိုရင်လည်း ရွှေရောင် စက္ကူပြား၊ ရွှေရောင် ပလပ်စတစ်ပြား စတဲ့ အပေါ်မှာ ရေးရမယ်။ ပြီးတော့ ပျားရည် ဖြစ်စေ၊ နွားနို့ဖြစ်စေ အဲဒီ ယန္တြပေါ်မှာ ခွက်နဲ့တင်ပြီး ဒေဝီကို ပူဇော်ပြီး




www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းရမယ်။

ပရိသတ် ထောက်ခံတဲ့ ယန္တြပဲကွာ။ မင်းသမီးရော၊ မင်းသားရော၊ လူကြမ်းရော၊ ဒါရိုက်တာရော၊ အဖေခန်း၊ အမေခန်းကပါတဲ့သူရော၊ ဇာတ်ညွှန်းရေး ဆရာရော၊ ဗီဒီယို ပြတဲ့ရုံရော သုံးပေရောပေါ့ကွာ။ ဟိုတုန်းက ဇာတ်တွေ လူမဝင် လို့ အကူအညီတောင်းရင် ငါတို့ ဒါပဲလုပ်ပေးတာပဲကွာ"







## လျှို့ကြည့်စမ်းပါ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မြန်မာ့ရုပ်ရှင်မဂ္ဂဇင်းကို ထုတ်လုပ်သော မေသင်းခိုင် ရောက်လာ၏။ ထို့နောက် ၎င်းက ကျွန်ုပ်အား တွေ့လျှင်တွေ့ချင်း . . .

"မြန်မာ့ရုပ်ရှင်အတွက် ဘာရေးပေးမလဲ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က . . .

"ဒီလိုရှိတယ် သမီး ရုပ်ရှင်သရုပ်ဆောင်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်ပေါ့ကွယ်၊ အလုပ်အကိုင်ဟာ တစ်သမတ်တည်း ကောင်းနေတာ မဟုတ်ဘူး၊ ကောင်းတဲ့အခါ ရှိသလို မကောင်းတဲ့ အခါလည်း ရှိတယ်ကွဲ့၊ အဲဒါ သဘာဝပါပဲ။ အန်ကယ့်အတွေ့အကြုံအရ ပြောရရင်တော့ အဲဒီလိုအခါ မျိုးမှာ ခုသာခံသာဖြစ်အောင် ဘုရားနဲ့ ပတ်သက်တဲ့ ယတြာလို့ပဲပြောပြော၊ ဆွမ်းတော်ကပ်တာလို့ပဲပြောပြော အဲဒါလေး လုပ်လိုက်ရင် ထူးခြားလာတာကို တွေ့ရတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် . . .

"အဲဒါလေးပဲ ရေးပေးပါ"

ဟု ပြောသဖြင့် ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးပေး လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသားသမီးဖြစ်သော် ငှက်ပျောသီးဆယ်လုံး အခွံနွှာ၍ ပန်းကန်ပြားတွင် ထည့်ပါ။ အပေါ်မှ သကြားဖြူးပါ။ တနင်္ဂနွေနေ့ နံနက် (၉)နာရီ (၄၅)မိနစ်တွင် အိမ်ဘုရားစင်၌ ဆွမ်းတော်ကပ်ပါလေ။

တနင်္လာသားသမီးဖြစ်သော် ပန်းကန်လုံး ကိုးလုံးတွင် ဆီးသီး အပြည့်ထည့်၍ တနင်္လာနေ့ (၉)နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရားစင်၌ ကပ်လှူပါလေ။

အင်္ဂါသားသမီးဖြစ်သော် ပန်းကန်ပြားတွင်း၌ လက်ဖက် အသားချည်း ငါးပုံ, ပုံ၍ အင်္ဂါနေ့ နံနက် (၉)နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရား၌ပင် ကပ်လှူပူဇော်ပါလေ။

ဗုဒ္ဓဟူးသားသမီးဖြစ်သော် ပန်းကန်ပြားသုံးချပ်၌ ပဲပြုတ်များထည့်ကာ ဗုဒ္ဓဟူးနေ့ နံနက် (၉)နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရား၌ပင် ကပ်လှူပူဇော်ပါလေ။

ကြာသပတေးသားသမီးဖြစ်သော် သရက်သီးခြောက်စိတ် ကို ကြာသပတေးနေ့ နံနက် (၉)နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရား၌ပင် ကပ်လှူပူဇော်ပါလေ။

သောကြာသားသမီးဖြစ်သော် ဖန်ခွက်ရှစ်ခွက်ဖြင့် နွားနို့ စစ်စစ်ကို အစိမ်းအတိုင်းထည့်၍ သောကြာနေ့ နံနက် (၉) နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရား၌ပင် ကပ်လှူပူဇော်ပါလေ။

စနေသားသမီးဖြစ်လျှင် အုန်းသီးကိုခြစ်၍ ပန်းကန်ပြား အသေး ရှစ်ပန်းကန်မှာ ခွဲ၍ ထည့်ပြီး စနေနေ့နံနက် (၉)နာရီ (၄၅)မိနစ်တွင် မိမိအိမ်ဘုရား၌ ကပ်လှူပူဇော်ပါလေ





# နဝင်းပြုလုပ်ရာတွင် ပြုလုပ်ရမည့် အစီအစဉ်များ

(၁) အသုံးပြုမည့် အတွဲကို အရင်ရှာ ပင်းယ (သို့) အမြစ် အညွန့်

(၂) မူလသားတွင် ခြေသည်း လက်သည်း ဆံပင် အစီအစဉ် တကျထားပါ။

(၃) ခိုက်သားကို အောက်ဘက်တွင် ဘယ်ညာချည်ပါ။

(၄) (ပင်းယ) အတွဲ အသုံးပြုမည် ဆိုပါက ပင်း (၁၉) ယ (၁၇) ဖြစ်သောကြောင့် ဖယောင်းတိုင်ကို (၂)ပုံ ခွဲထားပါ။

(၅) အပေါ်လုံး ပင်း (၁၉)ညွှန့်ကို ဖန်ခွက်ထဲ ထည့်ပြီး နဝင်းပွဲ (သို့) အမြင့်တစ်နေရာတွင် ထားပါ။

(၆) ယ(၁၇) အောက်လုံးဖြစ်သောကြောင့် အောက်တွင် ခင်းထားပြီး ၎င်းအရွက်ပေါ်တွင် သတင်းစာ စက္ကူ ခင်းပြီး ၎င်းအပေါ်တွင် မတ်တပ်ရပ်ခိုင်းပါ။ ထို့အတူ ထန်းရွက်ကိုပါ နင်းထားပါ။



www.burmeseclassic.com

www.burmeseclassic.com



(၇) ထို့နောက် ဆပွတ်သားမှ နဝင်းကြိုး (၅)ကြိုးကို အောက်တွင် ပြထားသည့်အတိုင်း အစီအစဉ်တကျ စွပ်ပေးပါ။

၁။ ဆွဲကြိုးကဲ့သို့။

၂။ ဘယ်ညာစလွယ်။

၃။ ညာဘယ်စလွယ်။

၄။ ဆွဲကြိုးကဲ့သို့စွပ်ပြီး ဘယ်ပခုံးပြန်တင်။

၅။ ဆွဲကြိုးကဲ့သို့စွပ်ပြီး ညာပခုံးပြန်တင်။

(၈) ပန်းမြတ်မာလာကို ယတြာချေသူက ဘယ်ညာ မျှကိုင်ထားပါ။

(၉) ရှေးဦးစွာ အထက်မှ အောက်သို့ (ဆပွတ်နေ့သားက) ဖယောင်း (၁၉)ညွှန့်ဖြင့် ရိုက်ပါ။ သီးသန့်တစ်ပုံ ပုံထားပါ။

(၁၀) ထို့နောက် ယတြာချေသူ၏ လက်ထဲမှ ပန်းမြတ်မာလာ ကို ယူ၍ (ဆပွတ်နေ့သားက)ရိုက်ပါ။ သီးသန့်တစ်ပုံ ပုံထားပါ။

(၁၁) နှစ်ခါရိုက်ပြီးနောက် နဝင်းကြိုးများကို ကွင်းလုံးချွတ်ပါ။ ထို့နောက် ကြိုးအားလုံးကို ကျော်လွှား၍ ၎င်းအရွက် အညွှန့်တို့ကို မမြင်ရသော နေရာတွင် နေပါ။

(၁၂) ၁။ နဝင်းကြိုး ကျီးခြေမီးဇာကျစ်။

၂။ မူလအုန်းသားတွင် ချည်ပါ။

၃။ ပထမရိုက်ထားသော ဖယောင်း (၁၉)ညွှန့် ချည်ပါ။





၄။ ကြိုးကို သီးသန့်ဖယ်ထားပါ။

၅။ ခင်းထားသော ဖယောင်း (၁၇)၊ နင်းထားသော ထန်းတို့ကို ချည်ပါ။

(၁၃) (၂၊ ၃၊ ၅) တို့ကို သီးသန့်ဖယ်ထားသော ကြိုးဖြင့် ပေါင်းပြီး ချည်ပါ။ ထို့နောက် ရေရှင်မှာ မျောစေ ရမည်။

(၁၄) မီးဇာကို နေဝင်ချိန်တွင် တံစက်မြိတ်အပြင်ဘက်တွင် ဆီတစ်ဇွန်းလောင်း၍ မီးဇာကုန် ဆီခန်းသည်အထိ မီးရှို့ပါ။ ပြုလုပ်ပေးသည့်ဆရာသည် ထွန်းညှိပေးရမည်။

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com



# အကြွင်း (၇) နေ့အတွက် နဝင်း

| အကြွင်း | အသုံးပြုရမည့် အတွဲ | | မူလသား | ခိုက် | တနင်္ဂနွေ |
|---|---|---|---|---|---|
| (၁)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | ဖယောင်းပန်း<br>သစ်ဆိမ့်ရွက်<br>ဒါန်းကြီး | အုန်း | ထန်း | မေမြို့<br>သပြေ |
| (၂)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | သပြေ<br>ဒန့်သလွန်<br>သြဇာ | ကံ့ကော် | အုန်း | သပြေ<br>အုန်း |
| (၃)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | သနပ်<br>အင်ဖက်<br>ခရေ | ဦး | ကြာ | မေမြို့<br>ကံ့ကော်<br>အုန်း |
| (၄)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | အုန်းနှဲ<br>ကသစ်<br>စံပယ် | ဝါး | ဦး | ကံ့ကော်<br>သပြေ<br>အုန်း |
| (၅)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | အင်ကြင်း<br>စွယ်တော်<br>လောက်သေ | ပိန္နဲ | ဝါး | ကံ့ကော် |
| (၆)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | ကြက်ဆူ<br>ဝင်အူ<br>တမာ | သီဟိုဠ် | ပျဉ်းမ | မေမြို့<br>အုန်း |
| (၀)ကြွင်း | ဘင်္ဂ၊ အထွန်း၊ အဓိပတိ<br>ပုတိ၊ သိုက်<br>မရဏ၊ ရာဇ | စောင်းလျား<br>မကျီး<br>အုန်းသား | ထန်း | သီဟိုဠ် | မေမြို့<br>ကံ့ကော်<br>သပြေ |





# ချေရန် လိုအပ်သော ပစ္စည်းများ

| ပန်းမြိတ်မာလာ | | | | | |
|---|---|---|---|---|---|
| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
| သပြေ<br>နှင်းဆီ<br>စံပယ် | နှင်းဆီ<br>စံပယ် | မေမြို့ | သပြေ<br>စံပယ်<br>မေမြို့ | စံပယ်<br>နှင်းဆီ<br>သပြေ | မေမြို့<br>နှင်းဆီ |
| သပြေ<br>နှင်းဆီ | နှင်းဆီ<br>ရွှက်လှ<br>အုန်း | အုန်း<br>ရွှက်လှ | သပြေ | နှင်းဆီ<br>ရွှက်လှ<br>သပြေ | ရွှက်လှ<br>အုန်း<br>နှင်းဆီ |
| နှင်းဆီ<br>ကံ့ကော် | နှင်းဆီ<br>အုန်း | အုန်း<br>မေမြို့<br>ကံ့ကော် | ကံ့ကော်<br>မေမြို့ | နှင်းဆီ | အုန်း<br>မေမြို့<br>နှင်းဆီ |
| သပြေ<br>စံပယ်<br>ကံ့ကော် | အုန်း<br>စံပယ် | အုန်း<br>ကံ့ကော် | ကံ့ကော်<br>သပြေ<br>စံပယ် | စံပယ်<br>သပြေ | အုန်း |
| စံပယ်<br>နှင်းဆီ<br>ကံ့ကော် | နှင်းဆီ<br>ရွှက်လှ<br>စံပယ် | ကံ့ကော်<br>ရွှက်လှ | ကံ့ကော်<br>စံပယ် | စံပယ်<br>နှင်းဆီ<br>ရွှက်လှ | ရွှက်လှ<br>နှင်းဆီ |
| စံပယ် | ရွှက်လှ<br>အုန်း<br>စံပယ် | အုန်း<br>မေမြို့<br>ရွှက်လှ | စံပယ်<br>မေမြို့ | စံပယ်<br>ရွှက်လှ | ရွှက်လှ<br>အုန်း<br>မေမြို့ |
| သပြေ<br>ကံ့ကော် | ရွှက်လှ | မေမြို့<br>ကံ့ကော်<br>ရွှက်လှ | ကံ့ကော်<br>သပြေ<br>မေမြို့ | ရွှက်လှ<br>သပြေ | ရွှက်လှ<br>မေမြို့ |



www.burmeseclassic.com

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

# ၁ ကြွင်း မဟာဘုတ်သမ

| ၁ ကြွင်း | ၁၂၉၆ | ၁၃၀၃ | ၁၃၁၀ | ၁၃၁၇ | ၁၃၂၄ | ၁၃၃၁ |
|---|---|---|---|---|---|---|
| | ၁၄၀၁ | ၁၄၀၈ | ၁၄၁၅ | ၁၄၂၂ | ၁၄၂၉ | ၁၄၃၆ |
| တနင်္ဂနွေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို သစ်ဆိမ့် | | |
| တနင်္လာ | ပင်းယတွဲဖြင့်ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဖယောင်း | | |
| အင်္ဂါ | ပင်းယတွဲဖြင့်ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဖယောင်း | | |
| ဗုဒ္ဓဟူး | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဒါန်းကြီး | | |
| **ကြာသပတေး** | **သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ** | | | **အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို သစ်ဆိမ့်** | | |
| သောကြာ | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဒါန်းကြီး | | |
| စနေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | | | အနန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို သစ်ဆိမ့် | | |



www.burmeseclassic.com



# များအတွက် ဓာတ်ရိုက်ရန်

| ၁၃၃၈ | ၁၃၄၅ | ၁၃၅၂ | ၁၃၅၉ | ၁၃၆၆ | ၁၃၇၃ | ၁၃၈၀ | ၁၃၈၇ | ၁၃၉၄ |
|---|---|---|---|---|---|---|---|---|
| ၁၄၄၃ | ၁၄၅၀ | ၁၄၅၇ | ၁၄၆၄ | ၁၄၇၁ | ၁၄၇၈ | ၁၄၈၅ | ၁၄၉၂ | ၁၄၉၉ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သီဟိုဠ်၊ ဇီးညွန့်များဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ပျဉ်းမ၊ ဝါးညွန့်များဖြင့် ရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ပျဉ်းမ၊ ဝါးညွန့်များဖြင့် ရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်း၊ ကံ့ကော်များဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သီဟိုဠ်၊ ဇီးညွန့်များဖြင့် ရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်း၊ ကံ့ကော်များဖြင့် ရိုက်ပါ။ | | | | | | | | |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဒါန်း(၁၀)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သီဟိုဠ်၊ ဇီးညွန့်များဖြင့် ရိုက်ပါ။ | | | | | | | | |



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

# ၂ ကြွင်း မဟာဘုတ်သမားများအတွက် စာတ်ရိုက်ရန်

| ၂ ကြွင်း | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၂၉၇ | ၁၃၀၄ | ၁၃၁၁ | ၁၃၁၈ | ၁၃၂၅ | ၁၃၃၂ | ၁၃၃၉ | ၁၃၄၆ | ၁၃၅၃ | ၁၃၆၀ | ၁၃၆၇ | ၁၃၇၄ | ၁၃၈၁ | ၁၃၈၈ | ၁၃၉၅ |
| ၁၄၀၂ | ၁၄၀၉ | ၁၄၁၆ | ၁၄၂၃ | ၁၄၃၀ | ၁၄၃၇ | ၁၄၄၄ | ၁၄၅၁ | ၁၄၅၈ | ၁၄၆၅ | ၁၄၇၂ | ၁၄၇၉ | ၁၄၈၆ | ၁၄၉၃ | ၁၅၀၀ |

| | | | |
|---|---|---|---|
| တနင်္ဂနွေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ထင်းရှူး | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်းနှင့် ဝါးတို့ဖြင့် ရိုက်ပါ။ |
| တနင်္လာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ထင်းရှူး | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်းနှင့် ဝါးတို့ဖြင့် ရိုက်ပါ။ |
| အင်္ဂါ | ပင်းယတွဲဖြင့်ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ပျဉ်းတော်သိမ် | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သရက်နှင့် ပျဉ်းမညွှန့်တို့ဖြင့် ရိုက်ပါ။ |
| ဗုဒ္ဓဟူး | ပင်းယတွဲဖြင့်ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ပျဉ်းတော်သိမ် | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သရက်နှင့် ပျဉ်းမညွှန့်တို့ဖြင့် ရိုက်ပါ။ |
| ကြာသပတေး | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ညြဇာဖြင့် | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးညွှန့်၊ အုန်းညွှန့်များဖြင့် ရိုက်ပါ။ |
| သောကြာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ထင်းရှူး | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်းနှင့် ဝါးတို့ဖြင့် ရိုက်ပါ။ |
| စနေ | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | ကံကော်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ညြဇာဖြင့် | အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ အုန်း(၆)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးညွှန့်၊ အုန်းညွှန့်များဖြင့် ရိုက်ပါ။ |





www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

# ၃ ကြွင်း မဟာဘုတ်သမား

| ၃ ကြွင်း | ၁၂၉၈ | ၁၃၀၅ | ၁၃၁၂ | ၁၃၁၉ | ၁၃၂၆ | ၁၃၃၃ |
|---|---|---|---|---|---|---|
| | ၁၄၀၃ | ၁၄၁၀ | ၁၄၁၇ | ၁၄၂၄ | ၁၄၃၁ | ၁၄၃၈ |

| | | |
|---|---|---|
| တနင်္ဂနွေ | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ။ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ခရေဖြင့် |
| တနင်္လာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို အင်ဖက်သား |
| အင်္ဂါ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ။ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို အောင်မဲဖြူသား |
| ဗုဒ္ဓဟူး | ပင်းယတွဲဖြင့်ရိုက်ပါ။ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ထိန်သားဖြင့် |
| ကြာသပတေး | ပင်းယတွဲဖြင့်ရိုက်ပါ။ | ဓားသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ထိန်သားဖြင့် |
| သောကြာ | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ခရေဖြင့် |
| စနေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ဓားသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို အောင်မဲဖြူသား |





# များအတွက် ခတ်ရိုက်ရန်

| ၁၃၄၀ | ၁၃၄၇ | ၁၃၅၄ | ၁၃၆၁ | ၁၃၆၈ | ၁၃၇၅ | ၁၃၈၂ | ၁၃၈၉ | ၁၃၉၆ |
|---|---|---|---|---|---|---|---|---|
| ၁၄၄၅ | ၁၄၅၂ | ၁၄၅၉ | ၁၄၆၆ | ၁၄၇၃ | ၁၄၈၀ | ၁၄၈၇ | ၁၄၉၄ | ၁၅၀၁ |

| |
|---|
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် ကံ့ကော်ညွန့်တို့ဖြင့် ခွဲရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ပေါက်ညွန့်တို့ဖြင့် ခွဲရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ပေါက်ညွန့်တို့ဖြင့် ခွဲရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်းနှင့် သီးတို့ဖြင့် ရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ထန်းနှင့် သီးတို့ဖြင့် ရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် ကံ့ကော်ညွန့်တို့ဖြင့် ခွဲရိုက်ပါ။ |
| အညွန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ကံ့ကော်(၁၅)ညွန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ပေါက်ညွန့်တို့ဖြင့် ခွဲရိုက်ပါ။ |



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

# ၄ ကြွင်း မဟာဘုတ်သမားများအတွက် စာတ်ရိုက်ရန်

| ၄ ကြွင်း | | | | | | |
|---|---|---|---|---|---|---|
| | ၁၂၉၉ | ၁၃၀၆ | ၁၃၁၃ | ၁၃၂၀ | ၁၃၂၇ | ၁၃၃၄ |
| | ၁၄၀၄ | ၁၄၁၁ | ၁၄၁၈ | ၁၄၂၅ | ၁၄၃၂ | ၁၄၃၉ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၃၄၁ | ၁၃၄၈ | ၁၃၅၅ | ၁၃၆၂ | ၁၃၆၉ | ၁၃၇၆ | ၁၃၈၃ | ၁၃၉၀ | ၁၃၉၇ |
| ၁၄၄၆ | ၁၄၅၃ | ၁၄၆၀ | ၁၄၆၇ | ၁၄၇၄ | ၁၄၈၁ | ၁၄၈၈ | ၁၄၉၅ | ၁၅၀၂ |

| | | | |
|---|---|---|---|
| တနင်္ဂနွေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို ကသစ်ဖြင့် | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ကံ့ကော်နှင့် သရက်တို့ဖြင့် ခွဲရိုက်ပါ။ |
| တနင်္လာ | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို စိန်ပန်းဖြင့် | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ပိန်းနှင့် ဇီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ |
| အင်္ဂါ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို ကသစ်ဖြင့် | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ကံ့ကော်နှင့် သရက်တို့ဖြင့် ခွဲရိုက်ပါ။ |
| ဗုဒ္ဓဟူး | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို ကသစ်ဖြင့် | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ကံ့ကော်နှင့် သရက်တို့ဖြင့် ခွဲရိုက်ပါ။ |
| ကြာသပတေး | ပင်းယတွဲဖြင့်ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို အုန်းနှံသား | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ထန်းရွက်တို့ဖြင့် ခွဲရိုက်ပါ။ |
| သောကြာ | ပင်းယတွဲဖြင့်ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို အုန်းနှံသား | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ထန်းရွက်တို့ဖြင့် ခွဲရိုက်ပါ။ |
| စနေ | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | ဝါးတတောင်တွင် အညွှန့်များ ထားပါ။ ကံ့ကော်အရာများကို စိန်ပန်းဖြင့် | နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ခြေသည်း (၁၅)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သော ရိုက်ပါ။ ထွက်ချင်သော အရာများကို ပိန်းနှင့် ဇီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ |





www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

# ၅ ကြွင်း မဟာဘုတ်သမား

| ၅ ကြွင်း | | ၁၃၀၀ | ၁၃၀၇ | ၁၃၁၄ | ၁၃၂၁ | ၁၃၂၈ | ၁၃၃၅ |
|---|---|---|---|---|---|---|---|
| | | ၁၄၀၅ | ၁၄၁၂ | ၁၄၁၉ | ၁၄၂၆ | ၁၄၃၃ | ၁၄၄၀ |
| တနင်္ဂနွေ | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို လောက်သေညွှန့် | | | | | |
| တနင်္လာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို စွယ်တော်ဖြင့် | | | | | |
| အင်္ဂါ | အမြစ်၊ အညွန့်ဖြင့် ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို လောက်သေညွှန့် | | | | | |
| ဗုဒ္ဓဟူး | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို စွယ်တော်ဖြင့် | | | | | |
| ကြာသပတေး | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို စွယ်တော်ဖြင့် | | | | | |
| သောကြာ | ပင်းယတွဲဖြင့်ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို အင်ကြင်းဖြင့် | | | | | |
| စနေ | ပင်းယတွဲဖြင့်ရိုက်ပါ | ပိန္နဲသား တတောင်တွင် ခြေသည်းများ ထားပါ။ များကို အင်ကြင်းဖြင့် | | | | | |





# များအတွက် ဓာတ်ရိုက်ရန်

| ၁၃၄၂ | ၁၃၄၉ | ၁၃၅၆ | ၁၃၆၃ | ၁၃၇၀ | ၁၃၇၇ | ၁၃၈၄ | ၁၃၉၁ | ၁၃၉၈ |
|---|---|---|---|---|---|---|---|---|
| ၁၄၄၇ | ၁၄၅၄ | ၁၄၆၁ | ၁၄၆၈ | ၁၄၇၅ | ၁၄၈၂ | ၁၄၈၉ | ၁၄၉၆ | ၁၅၀၃ |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သီးနှင့် ဝါးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးနှင့် ဒါန်းညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို သီးနှင့် ဝါးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးနှင့် ဒါန်းညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးနှင့် ဒါန်းညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ကံ့ကော်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ဝါး(၁၇)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျုံ့ချင်သောအရာ ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် ကံ့ကော်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

## ၆ ကြွင်း မဟာဘုတ်သမား

| ၆ ကြွင်း | | | | | | |
|---|---|---|---|---|---|---|
| | ၁၃၀၁ | ၁၃၀၈ | ၁၃၁၅ | ၁၃၂၂ | ၁၃၂၉ | ၁၃၃၆ |
| | ၁၄၀၅ | ၁၄၁၃ | ၁၄၂၀ | ၁၄၂၇ | ၁၄၃၄ | ၁၄၄၁ |

| | | |
|---|---|---|
| တနင်္ဂနွေ | ပင်းယတွဲဖြင့်ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို စကားညွှန့်. |
| တနင်္လာ | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ပိတောက် |
| အင်္ဂါ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဝင်အူသား |
| ဗုဒ္ဓဟူး | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ပိတောက် |
| ကြာသပတေး | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဝင်အူသား |
| သောကြာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို ဝင်အူသား |
| စနေ | ပင်းယတွဲဖြင့်ရိုက်ပါ | သီဟိုဠ်သားတတောင်တွင် ခြေသည်းများ ထားပါ။ များကို စော်ကျားညွှန့်. |





## များအတွက် ဓာတ်ရိုက်ရန်

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၃၄၃ | ၁၃၅၀ | ၁၃၅၇ | ၁၃၆၄ | ၁၃၇၁ | ၁၃၇၈ | ၁၃၈၅ | ၁၃၉၂ | ၁၃၉၈ |
| ၁၄၄၈ | ၁၄၅၅ | ၁၄၆၂ | ၁၄၆၉ | ၁၄၇၆ | ၁၄၈၃ | ၁၄၉၀ | ၁၄၉၇ | ၁၅၀၄ |

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးနှင့် ကံ့ကော်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဒါန်းနှင့် ပျဉ်းမညွှန့်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် အုန်းရွက်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဒါန်းနှင့် ပျဉ်းမညွှန့်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် အုန်းရွက်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် အုန်းရွက်တို့ဖြင့် ခွဲရိုက်ပါ။

အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ ပိန္နဲ(၁၉)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကျံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဇီးနှင့် ကံ့ကော်တို့ဖြင့် ခွဲရိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com





| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

# ဝ ကြွင်း မဟာဘုတ်သမား များအတွက် ဓာတ်ရိုက်ရန်

| ဝ ကြွင်း | ၁၃၀၂ | ၁၃၀၉ | ၁၃၁၆ | ၁၃၂၃ | ၁၃၃၀ | ၁၃၃၇ |
|---|---|---|---|---|---|---|
| | ၁၄၀၆ | ၁၄၁၄ | ၁၄၂၁ | ၁၄၂၈ | ၁၄၃၅ | ၁၄၄၂ |
| တနင်္ဂနွေ | ပင်းယတွဲဖြင့်ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို စောင်းလျား | | |
| တနင်္လာ | ပင်းယတွဲဖြင့်ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို စောင်းလျား | | |
| အင်္ဂါ | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို သင်အူသား | | |
| ဗုဒ္ဓဟူး | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ များကို မန်ကျည်းသား | | |
| ကြာသပတေး | အမြစ်၊ အညွှန့်ဖြင့် ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ အရာများကို သင်အူသား | | |
| သောကြာ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ များကို မန်ကျည်းသား | | |
| စနေ | သစ်ဆိမ့်တွဲဖြင့်ရိုက်ပါ | | | ထန်းသားတတောင်တွင် ခြေသည်းများ ထားပါ။ များကို မန်ကျည်းသား | | |

| ၁၃၄၄ | ၁၃၅၁ | ၁၃၅၈ | ၁၃၆၅ | ၁၃၇၂ | ၁၃၇၉ | ၁၃၈၆ | ၁၃၉၃ | ၁၃၉၉ |
|---|---|---|---|---|---|---|---|---|
| ၁၄၄၉ | ၁၄၅၆ | ၁၄၆၃ | ၁၄၇၀ | ၁၄၇၇ | ၁၄၈၄ | ၁၄၉၁ | ၁၄၉၈ | ၁၅၀၅ |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် ဇီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ဝါးနှင့် ဇီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် သီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ပေါက်နှင့် ခရေညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သော ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို အုန်းနှင့် သီးညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ပေါက်နှင့် ခရေညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |
| အညွှန့်နေရာ၌ ဆံပင်၊ အလယ်နေရာတွင် လက်သည်းများ၊ အောက်နေရာ၌ သီဟိုဠ်(၂၁)ညွှန့်စီကို ဆံပင်နေရာနှင့် ခြေသည်းနေရာတို့၌ထားပါ။ ကံ့ချင်သောအရာ ဖြင့်ရိုက်ပါ။ ထွက်ချင်သော အရာများကို ပေါက်နှင့် ခရေညွှန့်တို့ဖြင့် ခွဲရိုက်ပါ။ | | | | | | | | |





www.burmeseclassic.com

www.burmeseclassic.com



# ကိုးနဝင်း မိုးလင်းမှသိမယ်

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မှော်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ ကျွန်ုပ်နေထိုင်သော အယူတော်မင်္ဂလာခြံ သို့ ရောင်ပြန်မဂ္ဂဇင်း၏ အယ်ဒီတာချုပ် ဖြစ်သော မောင်မောင်မြင့်အေးသည် ရောက်ရှိလာလေ၏။ သူ၏ လက် တွင် ကျွန်ုပ်အတွက် ထမင်းချိုင့်တစ်ချိုင့်လည်း ဆွဲ၍လာလေ ၏။ ထိုကဲ့သို့ ထမင်းချိုင့်လာပို့ခြင်းသည် လွန်ခဲ့သောနှစ် များစွာကပင် ဖြစ်၏။

သူသည် ကျွန်ုပ်ကို တွေ့လျှင် တွေ့ချင်း ပြုံးပြပြီး နောက် . . .

"ဆရာကြီးရေ . . ဒီနှစ် နှစ်သစ်ကူးမှာ ထူးထူးခြားခြား အမိဋ္ဌာန်ရေးတစ်ခုတော့ တောင်းရဦးမယ်"

ဟု ပြောလေ၏။

မောင်မောင်မြင့်အေးက ထိုကဲ့သို့ပြောရာ ကျွန်ုပ်က . . .

"အမိဋ္ဌာန်ဆိုလို့ ပြောရဦးမယ်ကွ။ ငါက တော်တော် အိပ်မက် မက်ခဲ့တဲ့လူကွ။ အိပ်မက် မက်တယ်ဆိုတာ မရှိ သလောက်ပဲကွ။ ဘာကြောင့်လဲဆိုတော့ အိပ်ပြီဆိုရင် နှစ် နှစ်ခြိုက်ခြိုက် အိပ်တတ်တဲ့လူဆိုတော့ အိပ်မက်မမက်ဘူးကွ။ အိပ်မက်ဆိုတာ အိပ်သလိုလို၊ နိုးသလိုလို သူမျိုးမက်လေ့ရှိတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အေးဟေ့ .. ဒါပေမဲ့ မှော်ဘီခြံကို ရောက်ခါစပဲ ဇယားကွက်တစ်ကွက်ကို အိပ်မက် မက်တယ်ကွ"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက ..

"ဘယ်လို ဇယားကွက်ကိုများ မက်တာလဲ ဆရာကြီးရဲ့"

ဟု ပြန်မေးလေ၏။

"ဇယားဆိုလို့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူးကွာ။ ငါတို့ လောကီဆရာတွေ မကြာခဏ အသုံးပြုခဲ့တဲ့ စမ္မာနဝကွက်ပေါ့ကွာ။ အင်္ဂလိပ်လိုတော့ မက်ဂျစ်စကွဲယားလို့ ခေါ်တယ် ကွ။ ဘယ်လိုပေါင်းပေါင်း (၁၅)ရတဲ့ အကွက်ဟာ လေကွာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက

"သိပြီ .. သိပြီ။ ကျွန်တော်လည်း မကြာခဏတွေ့ဖူး ပါရဲ့"

ဟု ပြန်၍ ပြောလေ၏။

"အဲဒီ အကွက်ကို မက်တာက မဆန်းပါဘူး။ ဆန်းတာ က အဲဒီအကွက်ပေါ်မှာ အပေါ်ဆုံးတန်းမှာ ၂-၉-၄ ရှိတယ် လေကွာ။ အလယ်တန်းမှာက ၇-၅-၃ ကွာ၊ နောက်တန်းမှာ က ၆-၁-၈ မဟုတ်လား။ အေး .. အဲဒီ ဂဏန်းတွေအတိုင်း ပုတီးစိပ်ပြီး အဓိဋ္ဌာန်လုပ်ရမယ်လို့ တစ်စုံတစ်ယောက်က ငါ့ကို လာပြောတယ်လို့ မက်တာကွ။ ပထမဦးဆုံး စ,ရမှာက ၂ ဂဏန်းက စရမှာပဲဟေ့။ အဲဒီမှာက သမ္မာသမ္ဗုဒ္ဓေါကို ပုတီး ၂ ပတ်စိပ်ရမှာ။ ပြီးတော့ ၉ ဂဏန်းအတွက် ဘဂဝါကို ပုတီး ၉ ပတ်စိပ်ရမှာ။ နောက်ပြီးတော့ ၄ ဂဏန်းအတွက် သုဂတော ဂုဏ်တော်ကို ပုတီး ၄ ပတ်စိပ်ရမှာ။ ပြီးတော့မှ အောက်တန်းက ၇ အစမဟုတ်လား။ အဲဒီအတွက်က သတ္တာ ဒေဝ မနုဿနံကို ၇ ပတ် စိပ်ရမှာကွဲ့။





အလယ်ကွက်မှာက ၅ မဟုတ်လား။ အဲဒီအတွက်က လောကဝိဒူ ဂုဏ်တော်ကို ၅ ပတ် စိပ်ရမှာ။ အဲဒီ အလယ်ကွက် ရောက်လို့ရှိရင် အိပ် တဲ့ရက်မှာ သက်သတ်လွတ်လည်း စားရဦးမှာကွ။ ပြီးတော့ ၉ ကွက်ပြည့်အောင် ဆက်ပြီး စိပ်သွားရတာပေါ့ကွာ။ တစ်ခု ထူးခြားတာက အကွက်က ပုံသေ မဟုတ်ဘူးကွ။ ၂ ဂဏန်း စတဲ့အကွက်ကို လုပ်ပြီးရင် နောက်တစ်ခါစတဲ့အခါ ၃ ဂဏန်း စတဲ့အကွက်ကို လုပ်ရတာကွ။ ပြီးရင် ၄ ဂဏန်းစတဲ့ အကွက် ကို လုပ်ရတာ။ အလယ်ကွက်ရောက်တိုင်း ရောက်တိုင်းလည်း သက်သတ်လွတ်စားရမှာ။ ဒီမှာ တစ်ခု ထူးခြားတာကတော့ ပထမ ၉ ရက်ဆုံးတဲ့ အဓိဋ္ဌာန်နဲ့ ဒုတိယ ၏ ရက်စတဲ့ အဓိဋ္ဌာန် ဟာ တစ်ရက်ထဲမှာ ထပ်နေတာကို တွေ့ရတယ်။ ပထမလုပ် ရတဲ့ အဓိဋ္ဌာန်အဆုံးကို မနက်ပိုင်းမှာ လုပ်ပြီး နောက်လုပ်ရ တဲ့ အဓိဋ္ဌာန်ကို အဲဒီ ညနေပိုင်းမှာ လုပ်ရတဲ့ သဘောရှိတယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ...

"ဆရာကြီးမက်တဲ့ အိပ်မက်ကလည်း ရှည်လှချည်လား"

ဟု မောင်မောင်မြင့်အေးက ပြောလေတော့၏။

"အဲဒီလို အရှည်ကြီးမက်နေတာတော့လည်း မဟုတ်ဘူး ကွ၊ အိပ်မက်က တိုတိုပဲ။ အိပ်မက်ထဲမှာ မက်တဲ့ပုဂ္ဂိုလ်က လည်း တိုတိုပဲ ရှင်းပြတာ။ ဒါပေမဲ့ ငါက အကုန်လုံး နားလည် သွားတာကွ။ အိပ်မက်ထဲမှာ ရှင်းပြတာက တိုတိုလေး။ ငါက အားလုံး နားလည်သွားတာ။ ဒါကို မင်းက မယုံဘူးလို့တော့ မပြောနဲ့ကွာ။ မျက်စိ မှိတ်ပြီးသာ ယုံလိုက်ပေတော့ကွာ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမျိုးက ပြောမယ့် ကြုံဖူးမှသိ ဆိုတဲ့ ကိစ္စမျိုး ဖြစ်တယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက စပ်ဖြဲဖြဲမျက်နှာဖြင့် ကျွန်ုပ်အား ကြည့်လိုက်လေတော့၏။

"ပုတီး ၉ ပတ်စိပ်ရတဲ့အကွက်မှာ အလယ်တန်း အစ ၅ ရယ်၊ အောက်ဆုံးတန်းအစ ၄ ရယ်ကို အိပ်မက်ထဲက ပုဂ္ဂိုလ်က လက်ညှိုးနဲ့ထောက်ပြပြီး ငါ့ကို ဘာပြောတယ် ထင်သလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ မောင်မောင်မြင့်အေးက. . .

"မသိဘူးလေ" ဟု ပြန်ပြောလိုက်လေ၏။

"အိပ်မက်ထဲက ပုဂ္ဂိုလ်က နံပါတ် ၅ အကွက်ကို လက်ညှိုးနဲ့ထောက်တဲ့အခါမှာ "မိုး"လို့ ဆိုတယ်ကွ။ နံပါတ် ၄ အကွက် ကို လက်ညှိုးနဲ့ထောက်တဲ့အခါမှာ "လင်း"လို့ ဆိုတယ်ကွ။ "ကိုးနဝင်း မိုးလင်းဆိုတာ ဒီမှာဟေ့"လို့လည်း ပြောသေး တယ်ကွ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ မောင်မောင် မြင့်အေးသည် ကျွန်ုပ်၏ စားပွဲပေါ်တွင်ရှိသော ဘောလ်ပင် များ ထည့်ထားသည့် ဖန်ဘူးထဲမှ ဘောလ်ပင်တစ်ချောင်းကို ထုတ်၍ အကွက်များ ချကြည့်ပြီးလျှင် ဂဏန်းများ ရေးသွင်း ကာ ထိုဂဏန်းများကို စစ်ဆေးကြည့်ရှုပြီးနောက် . . .

"အခု ဆရာကြီးပြောတဲ့အတိုင်းဆိုရင် ၉ ရက်၊ ၉ ရက် အဓိဋ္ဌာန်လုပ်သွားရတဲ့ အပတ်ပေါင်း ၈ ကြိမ်မြောက်တဲ့ အဓိဋ္ဌာန်မှာ ကျနေတယ်။ ၉ ကြိမ် မပြည့်သေးဘူး' ဟု ပြောလေ၏။

"မှန်တာပေါ့ ငါ့လူရာ။ ကိုယ့်မှာ တွေ့ကြုံနေရတဲ့ အခက် အခဲတွေ၊ ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒတွေဟာ ၉ ကြိမ်မြောက် အထိ မလုပ်ရပါဘူး။ အဲဒီ ၈ ကြိမ်မြောက်မှာဘဲ ထူးတော့





တာပဲဟေ့။ အခက်အခဲတွေ ဆိုရင်လည်း အဲဒီ ၈ ကြိမ်မြောက် အဓိဋ္ဌာန်အတွင်းမှာပဲ ဖြေရှင်းပြီးသား ဖြစ်သွားတယ်ကွ။ ဓာတ် စကားနဲ့ ပြောရရင်တော့ မိုးလင်းသွားတာပေါ့ကွာ။ ကိုယ်လိုချင်တဲ့ လိုအင်ဆန္ဒတွေဟာလည်း အဲဒီ ၈ ကြိမ် မြောက်မှာပဲ ပြည့်စုံသွားလေ့ရှိတယ်။ အဲဒီ အဓိဋ္ဌာန်ကို ငါနဲ့ ငါ့ရဲ့ ဗေဒင်တပည့်တွေ အကြိမ်ကြိမ်လုပ်ပြီးသားကွ။ အဲဒီမှာ ချည်းပဲ ထူးကုန်ကြတော့တာပဲဟေ့" ဟု ကျွန်ုပ်က ပြောလိုက်လျှင် . . .

"သိပ်ပြီး မညွှန်းပါနဲ့ဆရာကြီးရယ်။ ကျွန်တော် လုပ်မှာပါ။ တစ်ခုတော့ ရှိတယ်။ ဆရာကြီး ခုပြောတဲ့ ကိုးနဝင်းမိုးလင်းမှ သိမယ်ဆိုတဲ့ အဓိဋ္ဌာန်က ဆရာကြီးပြောတော့လည်း ရှင်းနေ တာပဲ။ ကျွန်တော်တော့ မျက်စိနည်းနည်းလည်နေပြီ"

ဟု မောင်မောင်မြင့်အေးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"မျက်စိမလည်စေရပါဘူး ငါ့လူရာ။ မင်းတကယ် အဓိဋ္ဌာန် ဝင်မယ်ဆိုရင်တော့ အကွက်ပုံစံ ၉ ခုနဲ့ရော ကန့်လန့် ဇယားနဲ့ရော ကြည့်ပြီး လုပ်လို့ရအောင်"

ဟု ပြောပြီး အောက်ပါအတိုင်း ရှင်းပြန်၏။

"အဲဒီ ကိုးနဝင်း မိုးလင်းမှသိမယ် အဓိဋ္ဌာန်ကို ဝင်တဲ့ ဘယ်နေ့ သားသမီးမဆို တနင်္လာနေ့က စပြီး အဓိဋ္ဌာန်ဝင် ရမှာဖြစ်တယ်။ အဲဒီနေ့မှာ ပုတီးစိပ်ရမယ့် ဂုဏ်တော်ကတော့ သမ္မာသမ္ဗုဒ္ဓေါဆိုတဲ့ ဂုဏ်တော်ပဲ။ စိပ်ရမယ့် အပတ်ရေက ၂ ပတ်ဖြစ်တယ်။ အဲဒီ စိပ်ရမယ့်နေ့တွေ၊ ဂုဏ်တော်တွေ၊ အပတ်ရေတွေက ဘယ်ကရတာလဲဆိုတော့ မြန်မာ လောကပညာရှင်တွေနော်၊ အနောက်တိုင်းက လောကီပညာရှင်တွေပါ အထူးလက်ခံထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးသုံးလေ့သုံးထရှိတဲ့ စမ္ဗာနဝ ဒါမှ မဟုတ် မက်ဂျစ်စကွဲယား ဆိုတာကို အခြေခံပြီးရလာတဲ့ အချက်အလက်တွေပဲ ဖြစ်ပါတယ်။

စမ္ဗာနဝ ဆိုတာက (၉)ကွက်ရှိတဲ့ ဇယား တစ်မျိုးပဲ၊ သူ့ရဲ့ ထူးခြားချက်က ဂဏန်း (၃)လုံး တစ်တန်းကို ဘယ်လိုပဲ ပေါင်းပေါင်း (၁၅)ချည်းပဲ ရနေတယ်။ ပေါင်းခြင်းဂဏန်း၊ တစ်လုံးတည်း ဂဏန်းလုပ်လိုက်ရင် (၆)ရတာပေါ့။ အဲဒီဟာ နဲ့ (၉)နဝင်း မိုးလင်းမှ သိမယ် အမိဋ္ဌာန်ဟာ ဟောဒီလို ဆက်စပ်နေတာကွ။

| | | |
|---|---|---|
| ၂<br>တနင်္လာနေ့ | ၉<br>အင်္ဂါနေ့ | ၄<br>ဗုဒ္ဓဟူးနေ့ |
| ၇<br>ကြာသပတေးနေ့ | ၅<br>သောကြာနေ့ | ၃<br>စနေနေ့ |
| ၆<br>တနင်္ဂနွေနေ့ | ၁<br>တနင်္လာနေ့ | ၈<br>အင်္ဂါနေ့ |

အဲဒီမှာ စမ္ဗာနဝ ဇယားကွက်နဲ့ တစ်ဆက်တည်း တွဲပြီး သိထားဖို့ လိုအပ်တာကတော့ ဂုဏ်တော်တွေရဲ့ အမှတ်စဉ်ပဲ ဖြစ်တယ်။ ဒါကြောင့် ဂုဏ်တော်တွေရဲ့ အမှတ်စဉ်ကိုလည်း ဟောဒီလို မှတ်သားထားဖို့လိုတယ်"

၁ = အရဟံ
၂ = သမ္မာသမ္ဗုဒ္ဓေါ
၃ = ဝိဇ္ဇာစရဏ သမ္ပန္နော
၄ = သုဂတော
၅ = လောကဝိဒူ





၆ = အနုတ္တရော ပုရိသ ဓမ္မသာရထိ
၇ = သတ္တာဒေဝ မနုဿနံ
၈ = ဗုဒ္ဓေါ
၉ = ဘဂဝါ

ဒါဆိုရင် ကိုးနဝင်း မိုးလင်းမှသိမယ် အမိဋ္ဌာန်ကို စပြီး ဝင်လို့ရသွားပါပြီ။

စမ္ဗာနဝ ဇယားကွက်ထဲမှာ တနင်္လာ၊ အင်္ဂါဆိုပြီး နေ့တွေ ရေးထားတယ်။ နေ့တွေကတော့ အစဉ်အတိုင်းပါပဲ။ တနင်္လာနေ့ဆိုတဲ့ အကွက်မှာ နံပါတ် (၂)ဂဏန်းကို တွေ့လိမ့်မယ်။ နံပါတ် (၂)ဆိုတာ ဂုဏ်တော် အမှတ်စဉ်အရ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်မဟုတ်လား။ ဒါကြောင့် အဲဒီ တနင်္လာနေ့မှာ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ကို ပုတီး (၂)ပတ် စိပ်ရတယ်။ အင်္ဂါနေ့ အကွက်ကျတော့ နံပါတ် (၉)ဂဏန်းကို တွေ့လိမ့် မယ်။ နံပါတ် (၉)ဆိုတာ ဘဂဝါ ဂုဏ်တော်ဆိုတော့ အဲဒီနေ့ မှာ ဘဂဝါ ဂုဏ်တော် ပုတီး (၉)ပတ် စိပ်ရမှာပေါ့ကွာ။ အဲဒီ အတိုင်း ရောက်နေ့တည့်မှာ ကျတဲ့ နံပါတ်ရဲ့ ဂုဏ်တော် ကျတဲ့ နံပါတ်အရေအတွက်အတိုင်း ပုတီးစိပ်သွားဖို့ပါပဲ။ ဇယားရဲ့ အလယ်ကွက်က ဂဏန်းကိုတော့ ဝိုင်းပြထားတယ်။ အဲဒီနေ့မှာကျတော့ သက်သတ်လွတ်စားပြီး အမိဋ္ဌာန်ဝင်ရမှာကွ။ ဒါဟာ အမိဋ္ဌာန် ပထမအဆင့်ကို ရှင်းပြခဲ့တာ ဖြစ်ပါ တယ်။ ကျန်တဲ့ (၈)ဆင့်ကိုလည်း အဲဒီအတိုင်း ဆက်ဝင်သွား ရမှာကွ။ ဒါကြောင့် (၉) ဆင့်လုံးအတွက် အမိဋ္ဌာန်ဇယားကွက်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ချကြည့်ရင် ဟောဒီလိုရတာပေါ့ကွာ။

တနင်္လာနေ့မှစ

| | | |
|---|---|---|
| ၂ | ၉ | ၄ |
| ၇ | ၅ | ၃ |
| ၆ | ၁ | ၈ |

ပထမအမိဋ္ဌာန်

အင်္ဂါနေ့မှစ

| | | |
|---|---|---|
| ၃ | ၁ | ၅ |
| ၈ | ၆ | ၄ |
| ၇ | ၂ | ၉ |

ဒုတိယအမိဋ္ဌာန်

ဗုဒ္ဓဟူးနေ့မှစ

| | | |
|---|---|---|
| ၄ | ၂ | ၆ |
| ၉ | ၇ | ၅ |
| ၈ | ၃ | ၁ |

တတိယအမိဋ္ဌာန်

ကြာသပတေးနေ့မှစ

| | | |
|---|---|---|
| ၅ | ၃ | ၇ |
| ၁ | ၈ | ၆ |
| ၉ | ၄ | ၂ |

စတုတ္ထအမိဋ္ဌာန်

သောကြာနေ့မှစ

| | | |
|---|---|---|
| ၆ | ၄ | ၈ |
| ၂ | ၉ | ၇ |
| ၁ | ၅ | ၃ |

ပဥ္စမအမိဋ္ဌာန်

စနေနေ့မှစ

| | | |
|---|---|---|
| ၇ | ၅ | ၉ |
| ၃ | ၁ | ၈ |
| ၂ | ၆ | ၄ |

ဆဋ္ဌမအမိဋ္ဌာန်

တနင်္ဂနွေနေ့မှစ

| | | |
|---|---|---|
| ၈ | ၆ | ၁ |
| ၄ | ၂ | ၉ |
| ၃ | ၇ | ၅ |

သတ္တမအမိဋ္ဌာန်

တနင်္လာနေ့မှစ

| | | |
|---|---|---|
| ၉ | ၇ | ၂ |
| ၅ | ၃ | ၁ |
| ၄ | ၈ | ၆ |

အဋ္ဌမအမိဋ္ဌာန်

အင်္ဂါနေ့မှစ

| | | |
|---|---|---|
| ၁ | ၈ | ၃ |
| ၆ | ၄ | ၂ |
| ၅ | ၉ | ၇ |

နဝမအမိဋ္ဌာန်

အဲဒီ အမိဋ္ဌာန်ဇယားတွေရဲ့ ထူးခြားမှုကတော့ ပထမ အမိဋ္ဌာန်၊ စတုတ္ထအမိဋ္ဌာန်၊ သတ္တမ အမိဋ္ဌာန် ဇယားတွေက





ဂဏန်းသုံးလုံးတန်းတွေကို ပေါင်းကြည့်ရင် တစ်လုံးတည်း ဂဏန်း (၆)ရနေတာကို တွေ့ရလိမ့်မယ်။ ဒုတိယ အမိဋ္ဌာန်၊ ပဥ္စမအမိဋ္ဌာန်၊ အဋ္ဌမ အမိဋ္ဌာန် ဇယားကွက်တွေက ဂဏန်း သုံးလုံးတန်းကို ပေါင်းကြည့်ရင် (၉)ရနေတာကို တွေ့ရလိမ့် မယ်။ ကျန်တဲ့ တတိယ အမိဋ္ဌာန်၊ ဆဋ္ဌမ အမိဋ္ဌာန်၊ နဝမ အမိဋ္ဌာန် ဇယားကွက်တွေကတော့ (၃)ရနေတာကို တွေ့ရ လိမ့်မယ်။ အဲဒီ (၃)တွေ၊ (၆)တွေ၊ (၆)တွေ အပေါ် အခြေခံ ပြီး အမိဋ္ဌာန်ဇယား တည်ဆောက်ထားတာပေါ့ကွာ"

မှတ်ချက် ။ ။ ဇယားကွက်တွေရဲ့ အလယ်က ဝိုင်းပြထား တဲ့ ရက်တွေအားလုံးမှာ သက်သတ်လွတ် စားပြီး အမိဋ္ဌာန်ဝင်ရမှာ ဖြစ်ပါတယ်။

" အမိဋ္ဌာန်ရဲ့ အလယ်ရက် (ဝိုင်းပြထားတဲ့ရက်)တွေမှာ သက်သတ်လွတ်စားပြီး အမိဋ္ဌာန်ဝင်ရမှာ ဖြစ်တယ်။

နေ့တွေနဲ့တွဲထားတဲ့ နံပါတ်တွေဟာ ဂုဏ်တော် အမှတ်စဉ်ဖြစ်သလို ပုတီးစိပ်ရမယ့် အပတ်ရေလည်း ဖြစ်တယ်။

အမိဋ္ဌာန် ၁ ဆင့်ဝင်တိုင်း ၉ ရက်လုံး ဆုတောင်း (၁)မျိုးတည်းသာ တောင်းသွားရမှာဖြစ်ပါတယ်။

အမိဋ္ဌာန် ၉ ဆင့်ဆိုတော့ အရေးကြီးတဲ့ ကိစ္စ (၉)မျိုး ဆုတောင်းနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကထိုသို့ တရှည်တလျားကြီး ရှင်းပြလိုက်ပြီးနောက် မောင်မောင်မြင့်အေးသည် ၎င်းဇယားကွက်ကို လက်ဖြင့် လိုက်၍ ထောက်ကာကြည့်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဇယားတွေ ဇယက်တွေလည်း လုပ်မနေပါနဲ့တော့၊ အဓိဋ္ဌာန် အစအဆုံးလုပ်ရမယ့် နေ့တွေ၊ ရက်တွေနဲ့ဆိုရင် လည်း ဟောဒီ အဓိဋ္ဌာန် ပြက္ခဒိန်အတိုင်းသာ အဓိဋ္ဌာန် ဝင်ပေတော့ကွာ"

ဟု မောင်မောင်မြင့်အေးအား ပြောပြရလေ၏။ ထို့ နောက် ပြက္ခဒိန်ကို ယူကာ တစ်ဖက်ပါအတိုင်း ဖြည့်စွက် ပေးလိုက်လေတော့၏။

မောင်မောင်မြင့်အေးသည် ကျွန်ုပ်ရေးပြသော အဓိဋ္ဌာန် ဇယားနှင့် အဓိဋ္ဌာန် ပြက္ခဒိန်များကို ကောက်ယူရင်း . .

"ဒီ အဓိဋ္ဌာန်လုပ်ရင် ထူးမယ်လို့ ဆရာကြီး တာဝန်ယူ တယ်နော်"

ဟု မေးပြန်သောကြောင့် . . .

"ငါက တာဝန်ယူစရာ မလိုပါဘူးကွာ။ မင်းရဲ့ အဓိဋ္ဌာန် က မင်းကို တာဝန်ယူသွားပါလိမ့်မယ်။ မင်း ဘယ်လောက် ပီပီပြင်ပြင် လုပ်မလဲဆိုတဲ့ အပေါ်မှာ မင်းဘယ်လောက် ဖြစ် သလဲဆိုတဲ့ အဖြေကို မင်းကိုယ်တိုင် ကျေကျေနပ်နပ်ကြီး သိရ ပါလိမ့်မယ်"

ဟု ကျွန်ုပ်ကပြောရင်း ၅၅၅ စီးကရက် တစ်လိပ်ကို ထုတ် ယူ၍ မီးညှိရှိုက်ဖွာကာ မီးခိုးများကို ကောင်းကင်ပေါ်သို့ မှုတ် ထုတ်လိုက်လေတော့သတည်း။





## မနောမယမြေအိမ်ရောင်းနည်း

တစ်နေ့သည်၌ ကျွန်ုပ်ထံသို့ ကမ္ဘာအေးဘုရားစောင်းတန်း တွင် ပေဒင်ဟောသော ပေဒင်ဆရာ စောရန်နိုင်ဆိုသူ ရောက် ရှိလာလေ၏။ ထိုစောရန်နိုင်မှာ ယခင်က ဆည်မြောင်းတွင် အလုပ်လုပ်ခဲ့သော ဝန်ထမ်းတစ်ဦးဖြစ်၏။ နောင်တွင် ကျွန်ုပ် ထံ၌ လောကီပညာများ ဆည်းပူးကာ ပေဒင်လက္ခဏာ ဟော ပြောခြင်းဖြင့် အသက်မွေးခဲ့လေ၏။ သူသည်ကျွန်ုပ်ကို တွေ့ လျှင် တွေ့ချင်း . . .

"ဆရာကြီး နေကောင်းရဲ့လား"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က ပြုံးရယ်လျက် . . .

"ကိုယ့်လူတို့ကလည်း ကျုပ်ကို ဆရာကြီး ဆရာကြီး ခေါ် နေကြတာနဲ့ ကျုပ်တောင် အသက်ကြီးလာပြီ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းစောရန်နိုင်ဆိုသော ပေဒင်ဆရာက . . .

"ဆရာကလည်း အသက်ကြီးလာပြီလို့ မပြောပါနဲ့။ မ ဆိတ်မွေး၊ နှုတ်ခမ်းမွေးတောင် ဖြူနေမှပဲ။ အဲဒါကို ထော ပြီး ကျွန်တော်တို့ လူငယ်တွေက ဆရာကြီးလို့ ခေါ်သင့် ပေါ့"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်က . . .

"ကဲ . . ထားပါတော့လေ။ ကိုယ့်လူတို့ ခေါ်ချင်သလို သာခေါ်ပါ။ ရောက်ရောက်ချင်း မေးတဲ့မေးခွန်းကိုတော့ ဖြေရဦးမယ်။ အဲဒါ ဘာလဲဆိုတော့ နေကောင်းရဲ့လား ဆိုတဲ့ မေးခွန်းပဲ"

ဟု ကျွန်ုပ်က ပြောလိုက်သဖြင့် . . .

"မဖြေလည်း ရပါတယ်။ ဒါက ဆရာကြီး နေကောင်း သလား။ မကောင်းဘူးလားဆိုတာ အရေးမကြီးပါဘူး။ လူ လူချင်း တွေ့ရင် မေးလေ့ရှိတဲ့ မေးခွန်းမို့လို့ မေးတာပါ။ နေ မကောင်းရင်လည်း ဆရာဝန်ခေါ်လိုက်ပေါ့။ နေကောင်းရင် လည်း ကိုယ့်ဟာကိုယ် ဆက်ပြီးနေ။ ကျွန်တော် တကယ် သိချင်တာက အဲဒါမဟုတ်ဘူး။ ဆရာကြီးက ရောင်ပြန် မဂ္ဂဇင်းမှာ "မော်တော်ကား ရောင်းချင်လို့ "ဆိုတဲ့ ကားရောင်း ချင်တဲ့ လူအတွက် ယတြာဆောင်းပါးလေးဖတ်လိုက်ရတယ်။ တကယ် ကားရောင်းချင်တဲ့လူက များပါတယ်။ အဲဒီတော့ မဂ္ဂဇင်းစာအုပ်ထဲမှာ အဲ့ဒီအကြောင်းအရာကို ဆရာကြီး ရေး တာ မရေးတာ အပထား။ ကျွန်တော်က သိပ်ပြီး သိချင်တယ်။ သိချင်တာလည်း တခြားကြောင့် မဟုတ်ပါဘူး။ ကျွန်တော့် ဆီကို ဗေဒင်လာမေးတဲ့ ပရိသတ်က အဲ့ဒီကိစ္စကို အများစု မေးကြတာခင်ဗျ"

ဟု ပြောလိုက်လေ၏။

"ဒီလို စောရန်နိုင်ရဲ့။ အရောင်းအဝယ်ကိစ္စတစ်ခုဟာ ကိုယ်ရောင်းချင်တိုင်း ရောင်းလို့ရတာ မဟုတ်ဘူး။ ဥပမာကွာ





. . အိမ်ရောင်းချင်တယ် ဆိုပါတော့။ မင်းရောင်းမယ့်အိမ် ဟာ မကြာခင် ပြောင်းရ ရွှေ့ရမယ့် နေရာမျိုးက အိမ်ဆိုရင် တော့ ဘယ်သူမှ ဝယ်မှာ မဟုတ်ဘူး။ တချို့နေရာမျိုးဆိုရင် ကိုယ့်အိမ်က သုံးသိန်းလောက်တန်တာ။ သူများအိမ် ရောင်း လို့ သိန်းသုံးဆယ်လောက် ရတယ်ဆိုတာနဲ့ ကိုယ်ကလည်း သိန်းသုံးဆယ် လိုချင်လို့တော့ မရဘူး။ ငါ့ဆီကို ကြာဆံဖို လုပ်တဲ့ အဘိုးကြီးတစ်ယောက်ဟာ သူ့ရဲ့ မြေကွက်ကို သိန်း ငါးဆယ်နဲ့ ရောင်းချင်လို့ပါ ဆိုပြီး ယတြာလာပြီးလုပ်ခိုင်း တယ်ကွာ။ ငါက အဲဒီနေရာမှာ အဲဒီဈေးရနိုင်ပါ့မလားလို့ မေးတော့ သူက သူ့မြေဟာ ပေနှစ်ရာပတ်လည်ရှိတယ်တဲ့။ ပေတစ်ရာပတ်လည် ခြံကလေးတစ်ကွက်တောင် သူ့မိတ်ဆွေ တစ်ယောက်က သိန်းသုံးရာနဲ့ ရောင်းသွားတယ်တဲ့။ အဲဒီလို သူက ပြောတယ်။ အဲဒါနဲ့ ငါက ပေတစ်ရာပတ်လည်ကို သိန်းသုံးရာနဲ့ ဘယ်နေရာမှာ ရောင်းသွားတာလဲလို့ မေးတော့ အင်းလျားမှာလို့ သူက ပြန်ပြီးဖြေတယ်။ အဲဒီတော့ ငါက ပြန်ပြီးပြောတယ်။ အင်းလျားမှာ သိန်းသုံးရာဆိုတာ နည်းတာပေါ့။ ဒီထက်ပိုပြီး ရသင့်တယ်။ ခင်ဗျားမြေက မြို့ အစွန်၊ ငမိုးရိပ်ချောင်းနံဘေးမှာ ဘယ်လိုလုပ်ရမှာတုံး။ မြေရဲ့ တန်ဖိုးဆိုတာ အကျယ်အဝန်းပေါ်မှာ စကားပြောတာ မဟုတ် ဘူး။ နေရာပေါ်မှာလည်း စကားပြောတယ်။ ရိုစင်နေဘာ ပရိုက်(စ်)၊ သဘာဝကျကျ ဈေးနှုန်းတော့ ဖြစ်ရမယ်နော်။ ယတြာ စွမ်းတယ်၊ ဓာတ်ရိုက်စွမ်းတယ်ဆိုပြီး တစ်ကျပ်တန် ကို တစ်ဆယ်နဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ရောင်းလို့ မရဘူးနော်။ အဲဒီလို ရောင်း လို့ရတယ်ဆိုရင်လည်းပဲ သူများကို လုပ်မပေးဘူး။ ငါ့ဆီက တန်ဖိုးမရှိတဲ့ ပစ္စည်းအစုတ်အပြတ်တွေကို ခေါက်ရိုက်ပြီး ရောင်းပစ်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဗေဒင်ဆရာ စောရန်နိုင် သည် ဗိုလ်အောင်ဒင်ရယ်သည့် အသံမျိုးဖြင့် ကျွန်ုပ်အား မခိုးမခန့်ရယ်ကာ . . .

"ဒါကြောင့် လူတွေက ပြောတာပေါ့။ ခင်ဗျားတို့ ဆရာကြီး နဲ့ စကားပြောရတာ သိပ်ပြီး လက်ပေါက်ကပ်တယ်လို့ ပြောတာ"

ဟု ပြောလေ၏။

"လက်ပေါက်ကပ်တာ မဟုတ်ဘူး။ လူအတော်များများ ဟာ အလိုနဲ့ စဉ်းစားတတ်ကြတယ်။ အဲဒီမှာ အံချော်ကုန်တာများတယ်။ ဒါကြောင့် နဂိုကတည်းက ရှင်းအောင် ပြောထားတာ။ ရှင်းအောင်ပြောတာကို လက်ပေါက်ကပ်တယ် ထင်ရင်တော့ မတတ်နိုင်ဘူး။ ငါ့လူရေ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ဗေဒင်ဆရာ စောရန်နိုင်က . . .

"ဒီလို ဆရာရဲ့။ ကျွန်တော်လည်း ဗေဒင်လောကမှာ နေတာပဲဗျာ။ ဆရာပြောသလို တစ်ကျပ်တန်ကို တစ်ဆယ် ရအောင် ရောင်းဖို့တော့ ဘယ်ခိုင်းပါ့မလဲဗျာ။ သူ့ဈေးနဲ့သူ သွက်သွက်လက်လက်လေး အရောင်းအဝယ်ဖြစ်ဖို့ပဲ ပြော တာပဲ"

ဟု ပြောလေ၏။ ထိုအခါကျွန်ုပ်က . . .

"အဲဒါ ဒီလို လုပ်ရမယ်။ အသက်အရွယ်အပိုင်းအခြားနဲ့





လိုက်ပြီး ယတြာလုပ်ရမယ်။ နောက်ပြီးတော့ အိမ်ရောင်းတာ နဲ့ မြေရောင်းတာဟာ မတူဘူးနော်။ တချို့က မြေပေါ်မှာ အိမ်တော့ပါတယ်။ ဒါပေမဲ့ အိမ်က အဓိကမဟုတ်ဘူးနော်။ မြေက ပိုပြီး တန်ဖိုးရှိတယ်။ အဲဒါမျိုးဆိုရင် မြေကို ဦးစားပေး ပြီး စီမံရတယ်။ တချို့ကတော့ မြေပေါ်မှာ အိမ်ကို အပြည့် ဆောက်ထားတယ်။ အဲဒါကျတော့ မြေရောင်းတာ မဟုတ် ဘူး။ အိမ်ရောင်းတာလို့ သဘောထားရမယ်။ အိမ်ကလည်း တန်ဖိုးရှိတယ်။ မြေကလည်း တန်ဖိုးရှိတယ်ဆိုရင်တော့ အိမ် ကို ဦးစားပေးပြီး စီမံမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ၌ ဗေဒင်ဆရာ စောရန်နိုင်သည် ကျွန်ုပ်၏ မျက်နှာကိုကြည့်၍ ကိုးမီးဖဲ ကစား ရာ၌ ဖဲနှစ်ချပ် တစ်ဆယ့်တစ်ရပြီးနောက် နောက်ဆုံးဖဲကို ပွတ်ကြည့်ရာ ဘေးသုံးတန်းဖြစ်နေသောအခါမျိုး၌ မခိုးမခန့် လုပ်တတ်သော ဖဲသမားတစ်ဦး၏ မျက်နှာမျိုးဖြင့် . . .

"ဆရာကြီးကလည်း ကျွန်တော့်ကို သိပ်ပြီး အထင်သေး တာပဲ။ အဲဒီလောက်တော့ သိပါတယ်"

ဟု မခိုးမခန့်လေသံမျိုးဖြင့် ပြောပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်က . . .

"အဲဒီလောက်ထိ သိရင်တော့ ဆက်ပြီးပြောမယ်"

ဟု စကားစလိုက်လျှင် ၎င်းစောရန်နိုင်က . . .

"အဲဒီလောက် မသိရင် မပြောတော့ဘူးလား"

ဟု မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်မှ မသိရင် ပြောလို့ မရဘူး ကိုယ့်လူရေ။ ကဲ . . ကဲ . . ကိုယ်ပြောတာကို နားထောင်ပါ။ ဒါမှ မဟုတ် ရင်လည်း ငြိမ်ငြိမ်လေး ထိုင်နေပါ။ ကိုယ် စာရွက်တစ်ရွက်မှာ ရေးပြမယ်"

ဟု ပြောပြီးလျှင် ကျွန်ုပ်သည် စာရွက်ယူကာ အိမ်၊ မြေ ရောင်း၍ အမြန်ထွက်စေသောနည်းကို အောက်ပါအတိုင်း ရေးပြခဲ့လေ၏။

**အသက် ၂၂၊ ၂၉၊ ၃၆၊ ၄၃၊ ၅၀၊ ၅၇၊ ၆၄၊ ၇၁**
**အရွယ်ရှိသော သူများ**
**အိမ်ရောင်းလိုသော်**

အမျိုးသားဖြစ်သော် ကံ့ကော်ညွန့်၊ နှစ်ညွန့်ကို အင်္ကျီ အိတ်တွင် ထည့်ပါ။ အမျိုးသမီးဖြစ်သော် ကံ့ကော်ညွန့်၊ နှစ်ညွန့် ကို ခေါင်းတွင်ပန်ပါ။ ပြီးလျှင် (သရက်သီး အမှည့် ဖြစ်စေ၊ အစိမ်းဖြစ်စေ) ကို ခြောက်စိတ်စားပါ။ စားပြီးလျှင် ဒန်းကြီးညွန့်ကို အိမ်မှာ ဘုရား၌ပင် လှူဒါန်း၍ မိမိရောင်းရ လိုကြောင်း လေးနက်စွာ ဆုတောင်းပါ။

ပြုလုပ်ရမည့်နေ့၊ အချိန်မှာ မိမိမွေးနေ့ နံနက် ၉း၄၅ နာရီ တွင် ပြုလုပ်ပါ။ (ဥပမာအားဖြင့် တနင်္ဂနွေသားသမီးဆိုလျှင် တနင်္ဂနွေ နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါ) မိမိရောင်းလိုသော အိမ်၏ ဈေးနှုန်းကို ၅ ဂဏန်းကိုက်အောင် ခေါ်ပါ။ (ဥပမာ ၉ သိန်းဖြင့် ရောင်းလိုသော အိမ်အား ၉ သိန်းဟု မခေါ်ပါ နှင့်။ ၉ သိန်း ၅ သောင်းဟု ဈေးခေါ်ပါ။ ထိုသို့ခေါ်လျှင် ၉ နှင့် ၅





ပေါင်းက ၁၄ ရ၏။ ၁ နှင့် ၄ ပေါင်းလျှင် ၅ ပင်ရ၏။ ထို့အတူ သိန်း ၈၀ ဖြင့်ရောင်းလိုသော မြေအား သိန်း ၈၀ ဟု ဈေးမခေါ်ပါနှင့်။ ၈၆ သိန်းဟု ခေါ်ပါ။ ၈ + ၆ = ၁၄, ၁ + ၄ = ၅ ဖြစ်၏။ ဤမျှလောက်ဆိုလျှင် သဘောပေါက် လောက်ပေပြီ)

**မြေရောင်းလိုသော်**

အမျိုးသားရော၊ အမျိုးသမီးပါ ဆီးရွက် ၃ ရွက်ကို လက်ဝဲ ဘက်ခြေထောက်ဖြင့် နင်း၍ နွားနို့ကျိုပြီးသား တစ်ဖန်ခွက်ကို သောက်ပါ။ ပြီးလျှင် ကတက်ညွန့် ၉ ညွန့်ကို အိမ်မှ ဘုရား တွင် ပန်းအဖြစ်လှူဒါန်းပါ။ ထိုသို့ လှူဒါန်းပြီးလျှင် မိမိရောင်း လိုသောမြေ အမြန်ဆုံး ရောင်းရစေရန် ဆုတောင်းပါ။

ဤယတြာကို ပြုလုပ်သူသည် တနင်္လာ၊ ကြာသပတေး၊ သောကြာသားသမီးများဖြစ်က တစ်ကြိမ်သာ ပြုလုပ်ရပါမည်။ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသားသမီးများဖြစ်က နှစ်ကြိမ် ပြုလုပ်ရပါမည်။

**အသက် ၂၃၊ ၃၀၊ ၃၇၊ ၄၄၊ ၅၁၊ ၅၈၊ ၆၅၊ ၇၂**
**အရွယ်ရှိသောသူများ**
**အိမ်ရောင်းလိုသော်**

အမျိုးသားဖြစ်က ကံ့ကော်ညွန့်၊ နှစ်ညွန့်ကို အိတ်ထဲတွင် ထည့်၍ ထားရမည်။ အမျိုးသမီးဖြစ်က ကံ့ကော်ညွန့်၊ နှစ်ညွန့် ကို ခေါင်းတွင် ပန်ထားရမည်။ ပြီးလျှင် ပဲကြော်ကို အနည်းငယ် စားရမည်။ ပြီး စိန်ခြယ်ပန်းသုံးပွင့်၊ အုန်းညွန့် တစ်ညွန့် ကို



www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်း၍ အိမ်မှ ဘုရားတွင် လှူဒါန်းရမည်။ ထိုသို့ လှူဒါန်းပြီးလျှင် မိမိအိမ် အမြန်ဆုံး ရောင်းထွက်လိုကြောင်း ဆုတောင်းပါ။ ဈေးနှုန်းကို ၆ ဂဏန်းကိုက်အောင် ခေါ်ပါ။ ထိုယတြာကို မိမိမွေးနေ့ နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါ။

### မြေရောင်းလိုသော်

အမျိုးသားဖြစ်က ဒန်းညွန့်တစ်ညွန့်ကို အကျီအိတ်တွင် ဆောင်ပါ။ အမျိုးသမီးဖြစ်က ဒန်းညွန့်တစ်ညွန့်ကို ခေါင်း တွင် ပန်ထားပါ။ ပြီးလျှင် ကော်ဖီတစ်ခွက် သောက်ပါ။ ထို့ နောက် သြဇာညွန့် ၃ ညွန့်ကို အိမ်မှ ဘုရားတွင် လှူဒါန်းပါ။ ဈေးနှုန်းကို ၆ ဂဏန်းကိုက်အောင် ခေါ်ပါ။

ဤယတြာကို အင်္ဂါ၊ သောကြာ၊ စနေ သားသမီးများ ဖြစ်က တစ်ကြိမ်သာ လုပ်ရမည်။ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးဖြစ်က နှစ်ကြိမ်လုပ်ပါ။

### အသက် ၂၄၊ ၃၁၊ ၃၈၊ ၄၅၊ ၅၂၊ ၅၉၊ ၆၆၊ ၇၃ အရွယ်ရှိသော သူများ အိမ်ရောင်းလိုသော်

အမျိုးသားဖြစ်က ဒန်းညွန့်တစ်ညွန့်ကို အိတ်ထဲတွင် ဆောင်ထားပါ။ အမျိုးသမီးဖြစ်က ဒန်းညွန့်တစ်ညွန့်ကို ခေါင်းတွင် ပန်ထားပါ။ ရေသောက်ပြီးလျှင် ရင်ကပ်ပန်း ၆ ညွန့်၊ ၆ ပွင့် သို့မဟုတ် လက်ခုပ်ညွန့် ၆ ညွန့်ကို ဘုရားတွင် လှူ၍ မိမိအိမ်ရောင်းလိုကြောင်း လေးနက်စွာ ဆုတောင်းပါ။ ၇ ဂဏန်း ကိုက်အောင် ဈေးခေါ်ပါ။ ထိုယတြာကို မွေးနေ့ နံနက် ၉း၄၅





နာရီတွင် ပြုလုပ်ပါ။

ဤယတြာကို တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ သားသမီးများ တစ်ကြိမ်သာ ပြုလုပ်ရပါမည်။ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ သားသမီးများ နှစ်ကြိမ်လုပ်ရမည်။

### မြေရောင်းလိုသော်

အမျိုးသားရော၊ အမျိုးသမီးပါ သရက်ရွက် ၆ ရွက်ကို လက်ဝဲဘက် ခြေထောက်အောက်တွင် နင်း၍ ကော်ဖီတစ် ခွက်သောက်ပြီးလျှင် အိမ်မှ ဘုရား၌ ခရေညွန့်ကို လှူဒါန်း ၍ ဤမြေ အမြန်ရောင်းရစေကြောင်း ဆုတောင်းပါ။

ဤယတြာကို တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ သားသမီးများ တစ်ကြိမ်သာ ပြုလုပ်ရပါမည်။ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာသားသမီးများ နှစ်ကြိမ်လုပ်ရမည်။

### အသက် ၂၅၊ ၃၂၊ ၃၉၊ ၄၆၊ ၅၃၊ ၆၀၊ ၆၇၊ ၇၄ အရွယ်ရှိသော သူများ အိမ်ရောင်းလိုသော်

အမျိုးသားရော၊ အမျိုးသမီးပါ သရက်ရွက် ၆ ရွက်ကို လက်ယာ ခြေထောက်ဖြင့် နင်း၍ ဆီးသီး ၃ လုံးစားပါ။ စံပယ် ပန်း ၂၇ ပွင့်ကို ပန်းကန်ပြားတွင် ထည့်၍ အိမ်မှ ဘုရားတွင် ကပ်လှူပူဇော်ပြီးလျှင် အိမ်ရောင်းရလိုကြောင်း၊ လေးနက်စွာ ဆုတောင်းပါ။ တန်ဖိုးကို ၁၈ ဂဏန်းကိုက်အောင် ခေါ်ပါ။ ထိုယတြာကို မွေးနေ့နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**မြေရောင်းလိုသော်**

သရက်ရွက် ၆ ရွက်ကို လက်ယာခြေထောက်ဖြင့် နင်း၍ အုန်းရေသောက်ပါ။ ပြီးလျှင် ပိုက်ဆံမတ်စေ့ ၈ စေ့ကို ပန်းကန်ပြားတွင် ထည့်၍ ကပ်လှူပူဇော်ပါ။ ပြီးလျှင် မြေရောင်းရလိုကြောင်း လေးနက်စွာ ဆုတောင်းပါ။

ဤယတြာကို တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ စနေ သားသမီးဖြစ်ပါက နှစ်ကြိမ် ပြုလုပ်ပါ။

**အသက် ၂၆၊ ၃၃၊ ၄၀၊ ၄၇၊ ၅၄၊ ၆၁၊ ၆၈၊ ၇၅**
**အရွယ်ရှိသောသူများ**
**အိမ်ရောင်းလိုသော်**

အမျိုးသားဖြစ်ပါက စံပယ်ပန်း သုံးကုံးကို အိတ်ထဲထည့်ထားပါ။ အမျိုးသမီးဖြစ်ပါက စံပယ်ပန်းသုံးကုံးကို ပန်ထား ပါ။ ပြီးလျှင် ပေါင်မုန့် အနည်းငယ်ကိုစားပြီးလျှင် ရှောက်သီး တစ်လုံးအား အိမ်မှ ဘုရားတွင် လှူဒါန်းပါ။ မိမိအိမ်ရောင်းရလိုကြောင်း လေးနက်စွာ ဆုတောင်းပါ။ တန်ဖိုးကို ၂ ဂဏန်းကိုက်အောင် ခေါ်ပါ။

၎င်းယတြာကို မိမိမွေးနေ့၏ နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါ။

**မြေရောင်းလိုသော်**

အမျိုးသားဖြစ်ပါက သပြေညွှန့်တစ်ညွှန့်ကို အိတ်ထဲတွင် ထည့်ပါ။ အမျိုးသမီးဖြစ်ပါက သပြေညွှန့်တစ်ညွှန့်ကို ခေါင်း တွင် ပန်ပါ။ ပြီးလျှင် ဥသျှစ်သီး ၃ လုံး စားပြီးနောက် အိမ်မှ ဘုရား၌





သရက်သီးတစ်လုံး လှူဒါန်း၍ သို့မဟုတ် သရက် ရွက် တစ်ရွက် လှူဒါန်း၍ မြေရောင်းရလိုကြောင်း အလေး အနက် ဆုတောင်းပါလေ။

ဤယတြာကို တနင်္လာ၊ အင်္ဂါ၊ သောကြာ သားသမီး ဖြစ်ပါက တစ်ကြိမ် ပြုလုပ်ပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသ ပတေး၊ စနေသားသမီးဖြစ်ပါက နှစ်ကြိမ် ပြုလုပ်ပါ။

**အသက် ၂၇၊ ၃၄၊ ၄၁၊ ၄၈၊ ၅၅၊ ၆၂၊ ၆၉၊ ၇၆**
**အရွယ်ရှိသော သူများ**
**အိမ်ရောင်းလိုသော်**

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ကံ့ကော်ညွှန့် နှစ်ညွှန့်ကို လက်ဝဲခြေထောက်ဖြင့် နင်း၍ ပေါင်မုန့် အနည်း ငယ်ကို စားပြီးလျှင် အိမ်မှ ဘုရား၌ ပိတောက်ညွှန့် ၅ ညွှန့်ကို လှူဒါန်းပြီးလျှင် အိမ်ရောင်းရလိုကြောင်း အလေးအနက် ဆုတောင်းပါ။ ဈေးနှုန်းကို ၃ ဂဏန်းကိုက်အောင် ဆုတောင်းပါ။

ဤယတြာကို မိမိမွေးနေ့ နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါလေ။

**မြေရောင်းလိုသော်**

အမျိုးသားဖြစ်လျှင် သပြေတစ်ညွှန့်ကို အင်္ကျီအိတ်တွင်း တွင် ထည့်၍ အမျိုးသမီးဖြစ်က သပြေတစ်ညွှန့်ကို ခေါင်း တွင် ပန်ပါ။ ထို့နောက် ကြံသကာအနည်းငယ်စားပြီးလျှင် တမာညွှန့် ၇ ညွှန့်ကို ဘုရားတွင် လှူဒါန်းပြီး မြေရောင်းလို ကြောင်းကို လေးလေးနက်နက် ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေသားသမီးဖြစ်ပါက ဤယတြာကို တစ်ကြိမ်သာ ပြုလုပ်ပါ။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး၊ သောကြာသားသမီးဖြစ်က ဤယတြာကို နှစ်ကြိမ်ပြုလုပ်ပါ။

**အသက် ၂၈၊ ၃၅၊ ၄၂၊ ၄၉၊ ၅၆၊ ၆၃၊ ၇၀၊ ၇၇ အရွယ်ရှိသောသူများ**

**အိမ်ရောင်းလိုသော်**

အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ငွေ ၂ ကျပ်ကို လက်ယာဘက်ခြေဖြင့် နင်းပြီးလျှင် ရေသောက်ပါ။ ထို့နောက် အုန်းသီးစိပ် ၆ စိပ် အိမ်မှ ဘုရား၌ လှူဒါန်းပြီး အိမ်ရောင်းရလိုကြောင်း ဈေးနှုန်းကို ၄ ဂဏန်းကိုက်အောင် ခေါ်ပါလေ။

ဤယတြာကို မိမိမွေးနေ့နံနက် ၉း၄၅ နာရီတွင် ပြုလုပ်ပါလေ။

**မြေရောင်းလိုသော်**

အမျိုးသားဖြစ်ပါက ရွက်လှ ၁ ရွက်ကို အိတ်ထဲတွင် ထည့်၍လည်းကောင်း၊ အမျိုးသမီးဖြစ်ပါက ဦးခေါင်းတွင် ပန်၍လည်းကောင်း၊ ပဲပြုတ်အနည်းငယ်စားပြီးလျှင် သရက်ညွန့် နှင့် အုန်းညွန့် ၁ ညွန့်စီ ပူးပေါင်း၍ အိမ်မှ ဘုရား၌ လှူဒါန်း ကာ မြေရောင်းရလိုကြောင်း လေးနက်စွာ ဆုတောင်းပါလေ။

ဤယတြာကို တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေးသားသမီးဖြစ်လျှင် တစ်ကြိမ်သာ ပြုလုပ်၍ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေသားသမီးဖြစ်ပါက နှစ်ကြိမ်ပြုလုပ်ပါ။

ဗေဒင်ဆရာ စောရန်နိုင်သည် ကျွန်ုပ်ရေးပြသော မနော မယ





မြေ၊ အိမ် ရောင်းနည်း စာရွက်များကို ကောက်ယူဖတ်ရှုပြီးလျှင်

"ဆရာကြီး ကျွန်တော်သိပြီဗျ။ ဒါဟာ အင်္ဂဝိဇ္ဇာနဲ့ ပေးထားတာ။ အသက်ကို (၇)နဲ့စားပြီး အကြွင်းကို အင်္ဂဝိဇ္ဇာတိုင်ထောင်ပြီး စီစဉ်ထားတာပါ။ ကျွန်တော်လည်း လုပ်တတ်ပါတယ် ဆရာကြီးရယ်"

ဟု ပြောလေ၏။

ထိုအခါ ကျွန်ုပ်က . . .

"ဒီလိုလေကွာ။ အမေရိကတိုက်ကို **ရှာဖွေတွေ့ရှိ**တဲ့ ကိုလံဘတ်ကို မကျေနပ်တဲ့ လူတစ်ယောက်က **အမေရိကတိုက်ကို** တွေ့ဖို့ ကိုလံဘတ်တစ်ယောက်တည်း **စွမ်းနိုင်**တာ မဟုတ်ပါဘူးဗျာ။ ကျုပ်တို့လည်း သူသွားတဲ့**လမ်းကြောင်း** အတိုင်းသွားရင် အမေရိကတိုက်ကို ရောက်မှာပါပဲလို့ အစည်းအဝေးတစ်ခုမှာ ပြောဖူးတယ်။ အဲဒါနဲ့ အနားက လူတစ်ယောက်က အိတ်ထဲက ကြက်ဥလေးတစ်လုံးကို ထုတ် ပြီး အမေရိကတိုက်ကို မရှာပါနဲ့ဗျာ။ ဒီ ကြက်ဥလေးပဲ စားပွဲ ပေါ်မှာ ထောင်ပြစမ်းပါလို့ ပြောတယ်။ အဲဒီတော့ အဲဒီလူက ကြက်ဥကို ယူပြီးထောင်ကြည့်တယ်။ ဒါပေမဲ့ ထောင်လို့ မရဘူး။ ကြက်ဥဟာ လဲကျ လဲကျသွားတယ်။ အဲဒီအချိန်မှာပဲ ကိုလိုဘတ်ဟာ အဲဒီ အစည်းအဝေးကို တက်လာတယ်။ အဲဒီ တော့ ကြက်ဥ ပေးတဲ့ လူက . . မစ္စတာ ကိုလံဘတ်ရယ် ဟောဒီ ကြက်ဥလေးကို စားပွဲမှာ ထောင်လို့ရရင် ထောင်ပြ စမ်းပါလို့ ပြောတယ်၊ အဲဒီအခါမှာ ကိုလံဘတ်က ကြက်ဥကို ယူပြီး ထိပ်ကလေးကို စားပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထုလိုက်တယ်။ အဲဒီ အခါ မှာ ကြက်ဥထိပ်ဟာ အက်ကြောင်းထပ်ပြီး ပြားသွားတယ်။ အဲဒီလို ပြားသွားတော့မှ ကိုလံဘတ်က အလွယ်တကူပဲ စားပွဲ ပေါ်မှာ ထောင်ပြတယ်။ အဲဒီအချိန်မှာ အစည်းအဝေးမှာ ရှိတဲ့ လူအားလုံးက လက်ခုပ်ဝိုင်းပြီး တီးကြတယ်။ အဲဒီတော့ ကိုလံဘတ်ကို မကျေနပ်တဲ့ လူကလည်း ဒီလိုနည်းဆိုရင် ကျုပ်လည်း ထောင်နိုင်တာပေါ့ဗျာလို့ ပြောလိုက်တယ်။ အစည်းအဝေးမှာ ရှိတဲ့ လူတွေက အဲဒီလို ထောင်နိုင်ရင် ကိုလံဘတ် မထောင်ပြခင်ကတည်းက ထောင်ပေါ့ဗျာ။ သူ ထောင်ပြီးမှ ကိုယ်လည်း ထောင်နိုင်တယ် မပြောနဲ့လို့ ဝိုင်းပြီး ပြောကြတယ်။ အဲဒီလိုပဲ စောရန်နိုင်ရေ။ ကိုလံဘတ် လုပ်ပြီးမှတော့ ကျုပ်လည်း လုပ်နိုင်တယ်လို့ လာပြီး မပြောနဲ့"

ဟု ပြောလိုက်ရာ . . .

ဗေဒင်ဆရာ စောရန်နိုင်က . . .

"ထားပါတော့။ ထားပါတော့။ ဒီစာရွက်တွေကို ကျွန်တော်ယူသွားမယ် ကိုလံဘတ်ကြီးရေ"

ဟု ငေါ်တော့တော့ ပြော၍ ဗိုလ်အောင်ဒင် ဇာတ်ကား ထဲမှ ဗိုလ်အောင်ဒင်ရယ်သံမျိုးဖြင့် မခိုးမခန့် ရယ်ကာ ဆိုင်ကယ် အစုတ်ကြီးကို တဘုန်းဘုန်းစီး၍ ထွက်သွားလေ တော့သတည်း။

မင်းသိခ





ကိုးနဝင်းမိုးလင်းမှသိမယ်

အဓိဋ္ဌာန်ကိုးဆင့်ရှိပါသည်။တဆင့်လျှင်ကိုးရက်နှုန်းဖြင့် မပျက်မကွက်ဝင်ရမည့် အဓိဋ္ဌာန်တော်ဖြစ်ပါသည်။

တဆင့်လျှင်သင်၏ အရေးကြီးဆုံးကိစ္စတစ်ခုသာ ဆုတောင်းရမည်ဖြစ်သည်။

ဇယားတွင်ဖော်ပြထားသော ဂုဏ်တော် အစဉ်အတိုင်းပုတီးစိတ်ပါ၊ ပုတီးအပတ်ရေမှာလည်း ဂုဏ်တော်ပါအပတ်ရေအတိုင်း စိတ်သွားရန်ဖြစ်သည်။

သင်မည်သည့် နေ့တွင် မွေးဖွားစေကာမူ တနင်္လာနေ့ မှစ၍ အဓိဋ္ဌာန်ဝင်ရမည်။ ဘောင်ခတ်ပြထားသော နေ့များတွင် သက်သတ်လွတ် စားရမည်။



www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၁ | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | ဘဂဝါ ၉ ပတ် | သုဂတော ၄ ပတ် | သတ္ထာဒေဝ ၇ ပတ် |
| ၂ | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | အရဟံ ၁ ပတ် | လောကဝိဒူ ၅ ပတ် | ဗုဒ္ဓေါ ၈ ပတ် |
| ၃ | သုဂတော ၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | အနုတ္တရော ၆ ပတ် | ဘဂဝါ ၉ ပတ် |
| ၄ | လောကဝိဒူ ၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | သတ္ထာဒေဝ ၇ ပတ် | အရဟံ ၁ ပတ် |
| ၅ | အနုတ္တရော ၆ ပတ် | သုဂတော ၄ ပတ် | ဗုဒ္ဓေါ ၈ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် |
| ၆ | သတ္ထာဒေဝ ၇ ပတ် | လောကဝိဒူ ၅ ပတ် | ဘဂဝါ ၉ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် |
| ၇ | ဗုဒ္ဓေါ ၈ ပတ် | အနုတ္တရော ၆ ပတ် | အရဟံ ၁ ပတ် | သုဂတော ၄ ပတ် |
| ၈ | ဘဂဝါ ၉ ပတ် | သတ္ထာဒေဝ ၇ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | လောကဝိဒူ ၇ ပတ် |
| ၉ | အရဟံ ၁ ပတ် | ဗုဒ္ဓေါ ၈ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | အနုတ္တရော ၆ ပတ် |

ကိုးနဝင်းမိုးလင်းမှသိမယ် အခိဋ္ဌာန်တော်ဇယား





| | | | | |
|---|---|---|---|---|
| လောကဝိဒူ ၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | အနုတ္တရော ၆ ပတ် | အရဟံ ၁ ပတ် | ဗုဒ္ဓေါ ၈ ပတ် |
| အနုတ္တရော ၆ ပတ် | သုဂတော ၄ ပတ် | သတ္ထာဒေဝ ၇ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | ဘဂဝါ ၉ ပတ် |
| သတ္ထာဒေဝ ၇ ပတ် | လောကဝိဒူ ၅ ပတ် | ဗုဒ္ဓေါ ၈ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | အရဟံ ၁ ပတ် |
| ဗုဒ္ဓေါ ၈ ပတ် | အနုတ္တရော ၆ ပတ် | ဘဂဝါ ၉ ပတ် | သုဂတော ၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် |
| ဘဂဝါ ၉ ပတ် | သတ္ထာဒေဝ ၇ ပတ် | အရဟံ ၁ ပတ် | လောကဝိဒူ ၅ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် |
| အရဟံ ၁ ပတ် | ဗုဒ္ဓေါ ၈ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | အနုတ္တရော ၆ ပတ် | သုဂတော ၄ ပတ် |
| သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | ဘဂဝါ ၉ ပတ် | ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | သတ္ထာဒေဝ ၇ ပတ် | လောကဝိဒူ ၅ ပတ် |
| ဝိဇ္ဇာစရဏသမ္ပန္နော ၃ ပတ် | အရဟံ ၁ ပတ် | သုဂတော ၄ ပတ် | ဗုဒ္ဓေါ ၈ ပတ် | အနုတ္တရော ၆ ပတ် |
| သုဂတော ၄ ပတ် | သမ္မာသမ္ဗုဒ္ဓေါ ၂ ပတ် | လောကဝိဒူ ၅ ပတ် | ဘဂဝါ ၉ ပတ် | သတ္ထာဒေဝ ၇ ပတ် |

ကိုးနဝင်းမိုးလင်းမှသိမယ် အခိဋ္ဌာန်တော်ဇယား



www.burmeseclassic.com

www.burmeseclassic.com

# မင်းသိင်္ခ

## မရမ်းတလင်းလက်ဆောင်
## ဂမ္ဘီရယတြာများ

စတုတ္ထတွဲ



BURMESE CLASSIC .com

www.burmeseclassic.com